
စိတ်ကူးချိုချိုအနုပညာ

# မေမေ ခင်နှင်းယု




တစ်ပုဒ်တည်းပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.c

"ဖေဖေ" ဝတ္ထုရှည်ကြီးမှာ
ကျမ အဖေအိုကြီး၏ ဝတ္ထုကြောင်းပင် ဖြစ်ပါ၏။
ဖေဖေ အသက် ရှစ်ဆယ်ပြည့်အတွက်
ရည်မှန်း၍ ရေးခဲ့သော်လည်း ကျမ ကျန်းမာရေးချို့တဲ့၍
ဖေဖေ အသက် ရှစ်ဆယ့်တစ်နှစ်ထဲ
ဝင်ရောက်လာမှ ပြီးပါသည်။

ရှင်လန်းချမ်းမြေ့ပါစေ၊



# ဖေဖေ

## ခင်နှင်းယု

ISBN 9789997118967
KHY30
9 789997 118967
1,800.00KS

mgyoe.com

ပေပေ၊ ခင်နှင်းယု
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၁၃၆ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်မာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ စက်တင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၈၊ ဆေတ်ညွှန့်စာပေ၏ ပထမအကြိမ်မူ

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ကဗျာဆရာကြီး

ရှေ့သီတင်းကျွတ်လဆန်း ၂ ရက်နေ့သို့ ရောက်ပြီဆိုလျှင် ဖေဖေ သည် အသက် ၈၀ ပြည့်ပေတော့မည်။

ကျွန်မနှင့် အတူနေခဲ့သော နှစ်အနေဖြင့်ကိုက နှစ်ပေါင်း ၄၂ နှစ် ရှိပေပြီ။

ကျွန်မ ငါးနှစ်သမီးအရောက် လူမှန်းသိတတ်စပြုသောအခါ ဖေဖေမှာ နားမကြားတော့ပြီ။ သာမန်လူတို့ဖြစ်သကဲ့သို့ နားလေးရုံ လေးနေခြင်းမဟုတ်ပါ။ လုံးဝမကြားခြင်းဖြစ်၍ သူစိမ်းတို့အဖို့ ဖေဖေ့ ကို စကားပြောရသည်မှာ အလွန်ဝန်လေးရာကြမည်သာ ဖြစ်ပါ၏။ ရှည်လျားသော စကားများအတွက် စက္ကူပေါ် စာရေး၍ပြခြင်းမှာ ဖေဖေ နှင့် စကားပြောရ အလွယ်ကူဆုံး သင်္ကေတတစ်ခုပင် ဖြစ်ပါသည်။

အိမ်သားများနှင့် သားသမီးများအတွက် တော်ရုံတန်ရုံစကားမှာ လက်ဟန်ခြေဟန်နှင့် ပါးစပ်လှုပ်တာကိုကြည့်၍ နားလည်ကြသော နည်းလမ်းကိုသာ အသုံးပြုလိုက်ကြပေသည်။

mgyoe.com

mgyoe.com



လွန်ခဲ့သော ၄၂ နှစ်ကျော် ညတစ်ညတွင် ဖေဖေသည် အိပ်ရာဝင်အိပ်သွားပြီး နောက်တစ်နေ့နံနက် မိုးလင်းချိန်တွင် လုံးဝနားမကြားတော့ခြင်းဖြစ်သည်ဟူ၍လောက်သာ ကျွန်မ သိပါသည်။

နားမကြားသည်မှတစ်ပါး ဖေဖေသည် ဝဖြိုး၏၊ အသားဖြူ၏၊ ကျန်းမာတောင့်တင်း၏။ သူ့တွင် ကျောက်ပေါက်မာရာများရှိ၍ သူ့အစ်ကို (ကျွန်မ၏) ဘဘတို့လို အသားဆွတ်ဆွတ်ဖြူ၍နေသည်မှာ မထင်ရှားပေ။ သို့သော် ဖေဖေတို့အမျိုးများသည် အသားဖြူကြ၏။

ကျွန်မ ခပ်ရှယ်ရှယ်သို့ ရောက်ပြန်တော့ ဖေဖေသည် လေငန်းရောဂါပါ ယှဉ်လာပြီး စကားပြောလျှင် မပီမသနှင့် လေး၍လာသည်။ လမ်းလျှောက်လျှင်လည်း ခြေဖျား အနည်းငယ်ဆွဲနေပုံရ၏။

သို့သော် သူသည် မနက်စောစောတစ်ခါ၊ ညနေထမင်းစားပြီးတစ်ခါ ဝါးခယ်မမြို့ကို တစ်ပတ် ပတ်မိအောင်တော့ လျှောက်ရမှ အိပ်ပျော် စားဝင်ပုံရပါ၏။

ကျွန်မတို့မိသားစုမှ ကျွန်မသည် ဝါးခယ်မမှ ရန်ကုန်သို့ ပထမခွဲထွက်လာခဲ့၏။ ကရင်သောင်းကျန်းသူများ သောင်းကျန်းစတွင် မေမေနှင့် မမသည် ရန်ကုန်သို့ ခေတ္တလာရင်း နယ်အခြေအနေမှာ တဖြည်းဖြည်း ဆိုးဝါးလာတော့ရာ နောက်ပိုင်းတွင် ရန်ကုန်နှင့် ဝါးခယ်မ အဆက်အသွယ် လုံးဝပြတ်သွားပြီး ရန်ကုန်တွင်ပင် သောင်တင်နေကြပါတော့သည်။

ညီမလေး နုနုမှာ မြို့မကျောင်းတွင် ကျောင်းတက်နေရသောအခြေသို့ ရောက်ရပြီး ညီမအလတ်ဖြစ်သူ အကြွယ်မှာမူ ရန်ကုန်တွင်ပင် အိမ်ထောင်ကျ၍နေပေပြီ။

ဝါးခယ်မ အိမ်အိုကြီးတွင် ဖေဖေသည် ဇနီးနှင့် သားသမီးများနှင့် အတူမနေရသော်လည်း ဆွေမျိုးသားချင်းများနှင့် ကျန်ရစ်ခဲ့ပါ၏။ တခြား

mgyoe.com

mgyoe.com



ဆွေမျိုးများရှိသော်လည်း ကျွန်မတို့မိသားစုအနေနှင့်ဆိုလျှင် ဖေဖေ 'တစ်ယောက်ထီး' ကျန်ရစ်ခဲ့သည်ဟု ဆိုရပေမည်။

ဝါးခယ်မနှင့် ရန်ကုန်မှာ လေကြောင်းအဆက်အသွယ်တစ်ခု တည်းသာရှိတော့သည်။ တစ်ခုတည်းဆိုသော်လည်း တိုက်ရိုက်မဟုတ်ပါ။ ဝါးခယ်မမှ ပုသိမ်ကို လာရသည်။ ပုသိမ်မှ လေယာဉ်ပျံနှင့် ရန်ကုန်ကို လာရသည်။

ဖေဖေ့တွင် တစ်ခါတစ်ခါ စိတ်ဖောက်ပြန်တတ်သော ရောဂါ ရှိသော်လည်း စာရေးဆရာဖြစ်မည့်သူ၏ ဖခင်ဖြစ်၍လားမသိ၊ ဖေဖေသည် တစ်ခါတစ်ရံ လွမ်းဆွတ်ကြေကွဲဖွယ် စာကို ရေးတတ်သေး၏။

သမီးယုရေ…

ရောဝတီသင်္ဘောကြီးတွေ ဆိုက်ချိန်ရောက်ရင်လေ ဖေဖေ သင်္ဘောဆိပ်ကို ဆင်းသွားတယ်။ သင်္ဘောကြီးတွေကလည်း မလာ။ သမီးတို့၊ မေမေတို့ကိုလည်း မမြင်ရတော့ ဖေဖေ မြစ်ကမ်းပါးမှာ ငိုမိတယ်။

ကျွန်မသည် ဤစာပိုဒ်ကို ဖတ်လိုက်ရကတည်းက မျက်ရည်ကျမိ၏။ မေမေနှင့် မမတို့ကလည်း ခေတ္တခဏ ရန်ကုန်လာရင်း သင်္ဘောလမ်း ရုတ်တရက်ပိတ်သွားသောကြောင့် အစောပိုင်းက အစီရင်ခံခဲ့ပြီးအတိုင်း ဝါးခယ်မကို မပြန်နိုင်ကြတော့ပါ။ အမှန်တော့ ခေတ်ပျက်လိုက်ရသည်မှာ ခဏလောက်သာ ဖြစ်ပြီး နောင်တွင် မူလအတိုင်း ပြန်ဖြစ်မည်ဟုသာ သဘောပေါက်ခဲ့ကြပါသည်။ သို့ဖြင့် တစ်နေ့ပြန်မည်၊ တစ်နေ့ပြန်မည်နှင့် စောင့်နေသည့်အထဲမှ သောင်းကျန်းမှုအခြေအနေမှာ စောစောက ကျွန်မတို့ သဘောပေါက်နေကြသကဲ့သို့မဟုတ်ဘဲ ပိုမိုအခြေအနေဆိုးဝါးလာသောကြောင့် ရန်ကုန်တွင် မကြန့်ကြာသင့်ဘဲ ကြန့်ကြာနေကြရပါတော့သည်။

mgyoe.com

mgyoe.com



ကျွန်မက ဖေဖေ့ထံမှစာကို မေမေ့အား ပြသောအခါ မေမေလည်း မျက်နှာမကောင်းရှာပါ။ ဖေဖေသည် မေမေ့ကို တစ်ခါတစ်ရံသာ 'တင်တင်' ဟူ၍ မေမေ၏ မူရင်းအမည်ဖြစ်သော ဒေါ်သိန်းတင်အမည် ကို အဖျားဆွတ်ခေါ်တတ်သော်လည်း များသောအားဖြင့် သားတွေ၊ သမီးတွေနှင့်ရောပြီး 'မေမေ' ဟူ၍သာ အခေါ်များသည်။ မေမေသည် တစ်ရပ်တစ်ကျေးသို့ အလည်အပတ်သွားရာမှ မူလခန့်မှန်းထားသည် ထက် ရက်များကြန့်ကြာနေပါလျှင် သဘော်ာဆိပ်သို့ နေ့တိုင်းလိုလိုဆင်း ပြီး စောင့်တတ်သည်။ မေမေ ပြန်လာသောအခါများဆိုပါလျှင် ဝါးခယ်မ ဘုရားကြီးလမ်းထိပ် (ကမ်းနားလမ်းနှင့်ဆုံရာ) နေရာလောက်မှစ၍ "တို့မေမေ ပြန်လာပြီ၊ တို့မေမေ ပြန်လာပြီ" ဟူ၍ လက်နှစ်ဖက်ကိုမြှောက် ရင်း လက်ခုပ်တီးပြီး ဝမ်းသာအားရ အော်သွားသည်ကို ကိုက် ၁၀၀၀ လောက်ဝေးသော ကျွန်မတို့အိမ်က အတိုင်းသား ကြားနေရပေသည်။

ရန်ကုန်တွင် ဖော်ပြထားသည့်အတိုင်း သားတွေ၊ သမီးတွေနှင့် မေမေသည် သောင်တင်နေဆဲ ရက်ပိုင်းအတွင်း ဖေဖေတစ်ယောက် တည်း သဘော်ာဆိပ်သို့ အိမ်မှ ဘုရားကြီးလမ်းတစ်လျှောက် ခေါက်တုံ့ ခေါက်ပြန်လျှောက်နေမည်ကိုမြင်ယောင်သောအခါ ရင်နှင့်ရပြန်ပါသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ မေမေရာ၊ ရန်ကုန်မှာပဲ ရတဲ့အိမ်ငှားပြီး နေကြ ပါစို့၊ ဖေဖေ့ကိုလည်း လေယာဉ်ပျံနဲ့လိုက်လာဖို့ အခေါ်လွှတ်လိုက်မယ် လေ"

ကျွန်မ၏စိတ်ကူးကို မေမေ့အား ပြောပြမိပါ၏။

"အေးပေါ့... ဒါပေမင့် ရန်ကုန်ကလူတွေက သမီးဖေဖေ့ အကြောင်း ဓာတ်မသိကြတော့ သမီးဖေဖေအတွက် အိမ်နီးချင်းတွေကို မေမေက အားနာလှတယ်"

"နောက်တော့ ကြည့်လုပ်ရတာပေါ့ မေမေရာ"

mgyoe.com

mgyoe.com


သဘောတူကြပြီးသည့်နောက်တွင် ကျွန်မသည် အခေါ်လွှတ်ဖို့၊ လေယာဉ်ပျံနေရာရဖို့ စသည်များကို စီစဉ်ရ၏။ သွားခေါ်ပေးသူမှာ ဝါးခယ်မသား စစ်ရဲတပ်ရင်းမှ ရဲဘော်လေးတစ်ဦးဖြစ်သော တစ်ကျောင်းတည်းထွက်ဖြစ်သည့် မောင်ကြင်အောင် ဖြစ်ပါ၏။

ထိုစဉ်က လေယာဉ်ပျံ အသွားအလာမှာလည်း လွယ်ကူသည် မဟုတ်ပေ။ သို့သော် မောင်ကြင်အောင်သည် ဖေဖေ့ကို ချောချောမောမောစွာပင် ရန်ကုန်ကိုရောက်အောင် ခေါ်လာနိုင်ခဲ့၏။ ရန်ကုန်လေဆိပ်သို့အရောက်တွင်မူ အဘ၏ ထူးခြားချက်ကလေးများနှင့်ပတ်သက်၍ ဦးနှောက်ခြောက်ခဲ့ရသော အဖြစ်အပျက်ကလေးများကို ဟာသနှောပြီး ပြောပြပါတော့၏။

"အဘဖြစ်ပုံကတော့ မပြောချင်တော့ပါဘူး မမယုရယ်။ ကျောက်ရေစစ် ငရုတ်ဆုံကြီးမပါရင် မလိုက်ဘူးဆိုလို့ ဦးနှောက်ကို ခြောက်သွားတာပဲ။ လေယာဉ်ပျံကလည်း နောက်ဆုံးအကြိမ်ပြန်မယ့်လေယာဉ်၊ အချိန်ကလည်း ကပ်နေပြီ၊ နေရာကလည်း မပေးနိုင်၊ နေရာမပေးနိုင်ရင်လည်း မလိုက်ဘူးလို့ဆိုနေ၊ စဉ်းစားကြည့်ပေတော့။ နောက်ဆုံးတော့ စွန့်ပြီး အတင်းတင်ရတဲ့ဘဝ ရောက်တာပဲ"

ကျွန်မကတော့ မောင်ကြင်အောင် ညွှန်ပြသော ပစ္စည်းများကို ကြည့်ရင်း ပြုံးရယ်မိပါသည်။ မောင်ကြင်အောင်ကိုသာ ကျေးဇူးတင်စကား ပြောရ၏။ ကျောက်ရေစစ်ဆိုသည်မှာ ရိုးကုမ္ပဏီတိုက်တွင် ရောင်းသည့် လက်တစ်ဖက်နှင့် သွန်ငှဲ၍ ရသော ခပ်သေးသေး ရေစစ်အိုးလေးမျိုး အပေါ့စားမဟုတ်ပါ။ ကျွန်မတို့ မြစ်ဝကျွန်းပေါ်တွင် သုံးလေ့သုံးထရှိသော သစ်သားရေစစ်အိမ်၏ ထိပ်အပေါက်တွင်တင်ထားပြီး နံရံလေးဖက် သစ်သားကာထားရသည့် ကျောက်သားအစစ်ကို ထွင်းထားသော ကျောက်ရေစစ်ဖြစ်ရာ တစ်ယောက်တည်း အားနှင့် မ၍

mgyoe.com

mgyoe.com


မရတတ်ပေ။ ဒန်အိုးကြီးက အဝ နှစ်တောင်လောက်ကျယ်သည်။ ငရုတ်ဆုံကြီးကလည်း အဝတစ်ထွာနှင့် လက်နှစ်လုံးလောက်ရှိကာ ဓောက်တစ်ထွာလောက်နက်ခြင်းက သူ၏အထောင်းခံခဲ့ရသော သက်တမ်းကိုဖော်ပြနေလေသလား အောက်မေ့ရ၏။

"သမီးတို့အမေကြီးလက်ထက်ကတည်းက ပစ္စည်းတွေ၊ သမီးတို့ထက်တောင် အသက်ကြီးသေးတယ်။ ဒါကို ရဲဘော်က မယူရဘူးတဲ့လေ"

ဖေဖေ့အော်သံသည် လေယာဉ်ရုံးတစ်ခုလုံးကို ဖုံးသွားပါ၏။

ကျွန်မက ပြုံးပြုံးပြစဉ် သင်္ကေတဖြစ်သော လက်ဟန်ခြေဟန်နှင့် သူ သယ်ယူလာသည်ကို ကျေနပ်ပါကြောင်း ပြောပြရသည်။

*

ကျွန်မတို့ငှားထားသော အိမ်လေးမှာ ဝါးထရံကာ အိမ်ငယ်လေးပင် ဖြစ်သော်လည်း ကျွန်မတို့ စိတ်ချမ်းသာသည်။ ဖေဖေသည် လုံးဝနားမကြားသူဖြစ်၍ သူ့အသံကို ထိန်း၍မရ။ တိုးတိုးမပြော၊ ခုနစ်သံချီနှင့် ဟစ်၍ပြောတတ်သည်။ ယခုအိမ်ရှင်မှာ ဝါးခယ်မအဆက်အနွယ်ထဲက ဖြစ်သဖြင့် ဖေဖေ့ဓာတ်ကိုလည်း သိပြီးဖြစ်သည်။ ဖေဖေ့ကို နားလည်မှုရှိသူဖြစ်သည်။ ကပ်နေသောအိမ် မရှိသဖြင့် ဖေဖေ့အော်သံကိုလည်း အိမ်နီးနားချင်းကြားရမှာကို အားမနာရပါ။ ခြံလေးမှာ ကျယ်ပြန့်၍ တာဝါလိန်းအတွင်းပိုင်းထဲမှာဖြစ်သောကြောင့် အိမ်ချင်း ညပ်နေသောအရပ်ထဲမှာလို စိတ်မရှုပ်ရတော့ပေ။ ဖေဖေကလည်း မြေလွတ်ကလေးတွင် စိုက်ရပျိုးရ၍ ကျေနပ်နေပုံရသည်။

မကြာခင် သူ့တွင် ရောဂါတစ်ခု ဖြစ်လာပြန်ကြောင်း သူပြောပြသဖြင့် သိရပြန်ပါ၏။ သူ့ရောဂါမှာ ပေါင်ရင်းနှင့်ဆီးစပ်တွင် အကျိတ်

mgyoe.com

mgyoe.com


မှ အနာကြီးတစ်ခု ဖြစ်လာသည်ဟု ဆိုပါသတည်း။ သွေးအမြဲထွက်ကျနေသဖြင့် သွေးအား ယုတ်လျော့နေပြီဖြစ်ကြောင်းကိုလည်း လက္ခဏာပြနေသည်။ ခွဲစိတ်ကုသပါရဂူဆရာဝန်ကြီး ဒေါက်တာ ကြီးပေါ်သို့ ပြသောအခါ ခွဲစိတ်ကုသရမည်ဆိုပါ၏။ ရောဂါအခြေအနေက မကောင်းလွန်းပါ။ သို့ဖြစ်ရာ ခွဲစိတ်စဉ်တွင် အသက်ရှင်မည်၊ မရှင်မည်ကို ကြိုတင်ပြောမပြနိုင်ပါကြောင်း၊ အကယ်၍ ခွဲစိတ်ကုသခြင်း မပြုပါလျှင်လည်း ကံအကြောင်းတရားကိုတော့ မပြောလိုပါ။ ရောဂါအနေဖြင့်ကတော့ နောက်ခြောက်လထက်ပို၍ အသက်ရှည်နိုင်ဖွယ်အကြောင်း မမြင်တော့ဟု ဆိုပါသည်။

ကျွန်မတွင် လူနာတစ်ယောက်ကို ဆေးရုံတင်တိုင်း ငွေကြေးကုန်ကျခြင်း၊ ပြုစုရခြင်းများအတွက် မည်သို့မျှ ကျွန်မ စိတ်မမောတတ်ပေ။ မမျှော်လင့်သောအချိန်တွင် သေရေးရှင်ရေးကိစ္စဆိုပါက တရားခံဝင်လုပ်ရသည်ခေါ်မလား၊ မျက်စိမှိတ်ပြီး ဆုံးဖြတ်ချက်ချရခြင်းခေါ်မလား၊ ဤအဖြစ်မျိုးကို လုပ်ရတတ်သည့်အခါ အလွန်စိတ်မောမိ၏။ အမြဲလိုလိုလည်း လုပ်ရပါ၏။ ဘာကြောင့် စိတ်မောရသည်ကို နောက်တွင် တင်ပြပါဦးမည်။

ခွဲစိတ်ကုသခံပါက ခွဲစိတ်ခန်းထဲတွင်ပင် သေချင်လည်းသေမည်။ အခွဲမခံပါက နောက်ခြောက်လတွင် ဖေဖေသည် အသက်ရှင်တော့မည်မဟုတ်။ တစ်ခုခုကိုတော့ စွန့်စား၍ လုပ်ရပေမည်။

"ခွဲစိတ်တာ အောင်မြင်ရင်တော့ နောက်ခြောက်နှစ်၊ ခြောက်နှစ်အသက်ရှင်ဖို့ ကျွန်တော် အာမခံတယ်"

ဒေါက်တာကြီးပေါ်သည် ခြောက်နှစ်၊ ခြောက်နှစ်ဆိုသော စကားလုံးကလေးကို သုံးသည့်အချိန်တွင် လက်ချောင်းကလေး ခြောက်ချောင်းထောင်၍ပြရင်း အသက်ရှူပေါက်ကလေးရသွားသည့် အမူအရာကလေး

mgyoe.com

mgyoe.com


ဖြင့် ပြောပါ၏။

ကျွန်မမှာ အတော်လေးပင် ခေါင်းရှုပ်သွား၏။

ကျွန်မတို့မိသားစုလိုပင် တခြားမိသားစုတွေလည်း အဖြစ်တူများ ရှိလေမည်လားမသိ။ တစ်ယောက်ယောက် နေမကောင်း၍ ကုသရတိုင်း တစ်ညအိပ်မည့်သူ၊ သစ်သီးတစ်လုံးကျွေးမည့်သူ၊ ငွေတစ်ကျပ်ပေးမည့် သူ၊ ဘာသူ ညာသူ စသည်ဖြင့် ပိစိညှောက်ကပ်ကလေး ကူညီမည့်သူ တစ်ဖွဲ့တလေကလေးမှပင် မရှိတတ်ပါသော်လည်း လူနာသည် ကုသ ရင်းမှ အကြောင်းမညီညွတ်သဖြင့် ဖိတ်စဉ်သွားခဲ့ပါသော် ထိုလူနာကို စောင့်ရှောက်ဆေးရုံတင်သည့်သူ၊ ပြုစုသူအပေါ်တွင် တရားနည်းလမ်း အရ တရားခံအစစ်ဖြစ်မည် မဖြစ်မည်ကိုပင် ထည့်မတွက်တော့ဘဲ တစ်ချိုးတည်းနှင့် တရားခံအဖြစ်သို့ သွတ်သွင်းချီးမြှင့်တော်မူကြပါတော့ သည်။

ထိုအဖြစ်မျိုးကို ကျွန်မသည် ဆယ့်လေးနှစ်သမီးလောက်ကတည်း က၊ သို့မဟုတ် လူ့ဘဝဇာတ်ခုံ၏ ရှေ့ပိုင်းအမြင်နှင့် နောက်ပိုင်းအညစ် အပတ်ဆိုသည်ကို ဘာမှန်းမသိရကတည်းကပင် ကြုံခဲ့ရ၏။ တင်ပြ ရမည်ဆိုပါလျှင် ကျွန်မ၏ အစ်ကိုအလတ် ဆုံးသွားစဉ်က တစ်ကြိမ် ဖြစ်ပါသည်။ ထိုအကြိမ်မှာ ပထမအကြိမ်ဖြစ်ပြီး ဒုတိယအကြိမ်မှာ ကျွန်မတို့မိသားစု ရန်ကုန်ကိုပြောင်းလာစ၊ ညီမအငယ်ဆုံး နုနု လည်ပင်း ခွဲစိတ်ကုသခံရစဉ်က တစ်ကြိမ်ဖြစ်သည်။ တစ်ညလုံး မေ့ဆေးမပြေ မချင်း လူနာအပါးတွင် ကျွန်မတစ်ယောက်တည်း စောင့်နေရ၏။ ထိုနေ့ နေ့လယ်ပိုင်းက လူနာကို ခွဲစိတ်ခန်းထဲမှ ထုတ်လာခဲ့ကြသော်လည်း ယခုထိ သတိမရသေးပေ။ သွေးများကလည်း ပတ်တီးကို ပေကျံနေပေ ရာ မြင်မကောင်းပေ။

နောက်နေ့ နံနက်မိုးလင်းလျှင် ဆွေမျိုးများ ဝင်ခွင့်တောင်းပြီး

mgyoe.com

mgyoe.com



ဝင်လာကြပါ၏။ သူတို့ဝင်လာ၍ အဘွား၏ညီမဖြစ်သူ အဘွားလေး (ဦးနု–မိခင်) မှာ နုနုကို မြင်လိုက်သည့်တစ်ပြိုင်နက် "အမလေး သမီးလေး သေပါပြီ၊ သူ့ဟာသူနေရင် အကောင်းသား၊ မိခင်ယု ဆတ်ဆော့လို့ သမီးလေး သေပါပြီ" ဟု အော်၍ငိုပါလေတော့သည်။

မေမေသည် ချက်ချင်းပင် သူ့အဒေါ်အား အပြင်သို့ ခေါ်ထုတ်သွားပါ၏။ "နုနုမှာ မသေသေးကြောင်း၊ မေ့ဆေးဆိုသည်မှာ ဒီလိုပင်ဖြစ်တတ်ကြောင်း၊ လူနာရှေ့တွင် အော်ဟစ်မငိုရကြောင်း" ကို အပြင်တွင် မနည်းကြီး ရှင်းပြလိုက်ဖူးသည်။ ကျွန်မတို့ ဘွားလေးကို ကျွန်မတို့က အမဟု ခေါ်သည်။ တစ်အိမ်တည်း တစ်စီးပွားတည်းနေလာခဲ့ကြသဖြင့် ဘွားအေအရင်းလိုပင် ဘွားအေနှင့်အတူ ကျွန်မတို့ကို သူက ပြုစုစောင့်ရှောက်လာခဲ့သည်။

ကျွန်မစိတ်ထဲမှာတော့ "ငါ့ဘဝကုသိုလ်ကိုက သူများမလုပ်တာကို အမိုက်ခံပြီး လုပ်လည်းလုပ်ရသေး၊ လုပ်သာလုပ်ရတယ်၊ တရားခံဖြစ်ရမယ့် ကုသိုလ်ကံ ပါတယ်ထင်ပါရဲ့" ဟူ၍ စိတ်ဖြေရပါသည်။ အသက်ကြီးကြီးလာသည်နှင့်အမျှ တွေ့တွေ့လာသည်ကတော့ ကျွန်မလိုပင် လုပ်ပင် လုပ်ကြရပါသော်လည်း တရားခံဖြစ်ကြရသောသူများကို မြင်ရသောအခါ စာနာစိတ်ဖြင့် သနားမိ၏။ လုပ်ပုံလုပ်နည်း၊ လုပ်ဟန်ကပဲ မှားလေ၍ ငါပဲ သနားခံပြန်ဖြစ်လေရလေသလားဟု တစ်ခါတစ်ရံ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်မိ၏။ အကြောင်းများသည် တစ်ခါတစ်ရံ မလုပ်ဘဲနေ၍ ဖြစ်သောအကြောင်းများမဟုတ်။ မလုပ်၍မဖြစ်၊ ငါသာ လူစွမ်းကောင်းကြီးကွလို့ ရင်ကော့ပြ၊ စားချင်လွန်းလို့၊ စွန့်စားချင်လွန်း၍ သူရဲကောင်းကြီး လုပ်ချင်လွန်း၍ လုပ်ရသည်မဟုတ်။ အခြေအနေက ဖန်တီးလာသောအခါ လုပ်ရပြန်သည်သာ ဖြစ်ပါ၏။ ယခု ဖေဖေ့လို ကိစ္စမျိုးတွင် အဆုံးအဖြတ်ပေးရန် အတော်ခက်၏။ ဒုတိယဘဝ၊

mgyoe.com

mgyoe.com


တတိယဘဝတို့တွင်သာ အကျိုးပေးတတ်သည်ဆိုသော ဟိုတစ်ဘဝက လုပ်ခဲ့တဲ့ကံက ဘာကံဖြစ်မည်တော့မသိ။ အမြဲတမ်း အကျပ်အတည်း သို့ ရောက်ရောက်သွား၏။

ဗေဒင်ပညာအနည်းအကျဉ်း လိုက်စားထားသူဖြစ်သည့်အတိုင်း စိတ်ကျဉ်းကျပ်လွန်း၍လာသောအခါ "ငါက ကုံလင်ပေကိုး။ ကုံလင်ရဲ့ ပင်ကိုသဘာဝကိုက ရေထမ်းသမားသဘာဝ။ ရုပ်ပုံအားဖြင့် တင်ပြထား ပုံကိုကလည်း ရေအိုးလေးကို ပခုံးပေါ်ထမ်းပြီး မြေကြီးပေါ် ရေသွန်ချပြ နေတဲ့ရုပ်ပုံ။ ကြိုးပမ်းသမျှ ပင်ပန်းသမျှ သဲထဲရေသွန်သလို ဖြစ်ရမှာပေါ့ လေ" ဟု ကိုယ့်ထွက်ပေါက် ကိုယ့်ဟာကိုယ်ရှာပြီး စိတ်ဖြေရ၏။ "ဒါပေ မင့် ငါလုပ်တာ တရားတယ်မဟုတ်လား။ ဒီအလုပ်မှာ ငါ့ကိုယ်ကျိုး၊ ငါ့အမြတ်ထွက်ဖို့ သူများကို ဒုက္ခပေးတာရယ်လို့ တစ်ခုမှ မပါပါဘူး။ ဘယ်သူက စွပ်စွဲစွဲ၊ အပြစ်တင်တင် ငါ့စိတ်ထဲမှာ ငါ့ဟာငါ ရှင်းနေတဲ့ အတွက် သတ္တိရှိရမယ်လေ" ဟူ၍ ကိုယ့်ကိုယ်ကိုယ်ပင် အားပေးရ၏။

သို့သော် မေမေက မှတ်ချက်ချပါသည်။ "ဆွေစုမျိုးစုများတဲ့လူအုပ် ဟာ ဒီလိုပဲသမီး။ အဝေဖန်ခံရတာချည်းပဲ။ တကယ်သွေးစပ်ကြစို့ဆို သူတို့က ဆွေမျိုးလောက်တော်တာပါ။ သမီးမှာက အဖေရင်းခေါက် ခေါက်၊ အဖေကို ဘယ်သူက သတ်မတဲ့လဲ။ တို့များ ဒီလို လက်ပိုက် ကြည့်နေရင်း သူ သေသွားပြီဆိုကြပါစို့။ သမီးမှာ ဉာဉ်ကလေးတစ်ခု ရှိတယ်။ အတိတ်က လုပ်ခဲ့ပြီးတာကိုလည်း နောင်တ ဖြစ်တတ်ပါဘိ သနဲ့။ တော်ကြာ ငါ မကုမိလို့ ငါ့အဖေသေရလေခြင်းလို့ ဖြစ်ဦးမယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ကံ ကံ၏အကြောင်းတရားဆိုတာ ရှိပါတယ်။ သေချင်မှလည်း သေမှာပါ။ မတော်တဆ သေသွားပြီဆိုကြပါစို့၊ သမီး ကို တရားခံလို့ ဘယ်သူက စွပ်စွဲမှာလဲ။ အပြစ်ရှာပြီး စွပ်စွဲတယ်ဆိုတဲ့ လူတွေက သမီးရဲ့ ဖေဖေ့ဝေဒနာကို တစ်ညတလေ လာကြည့်ဖူးပါ

mgyoe.com

mgyoe.com


သလား၊ အကျပ်အတည်းရောက်နေတာကလေးကို အသက်ရှူပေါက် ကလေးရအောင် အားပေးကူညီခဲ့ဖူးပါသလား။ ကိုယ့်ကိစ္စအတွက် ကိုယ့်ဟာကိုယ် လုံးပန်းရင်း ကူသွားတာကလေးတွေ ရှိလေမလားတော့ မသိပါဘူးကွယ်"

တော်ပါသေး၏။ ကျွန်မ ဆုံးဖြတ်ချက်၏နောက်တွင် မေမေ တစ်ယောက်လုံး ရှိနေပေသေးသည်။ ကျွန်မသည် တစ်ခါတစ်ရံ ကိုယ့်ကိုယ်ကိုယ် အယုံအကြည်ရှိချင်မှ ရှိတတ်သော ပျော့ညံ့ချက်အကွက် ကလေးရှိတတ်၏။ မေမေသာ နောက်ပိုင်းက ရပ်မပေးလိုက်လျှင် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားလုပ်မည့် မိန်းကလေးတစ်ယောက် မဟုတ်ပါပေ။

ကဲ... ဖေဖေ့ကို ခွဲစိတ်ကုသတော့မည်ဟူ၍ ဆုံးဖြတ်လိုက်ပြီ။ ထိုဆုံးဖြတ်ချက်မှာ ကျွန်မတို့သားအမိနှစ်ယောက် ခေါင်းဆောင်ပြီး ဆုံးဖြတ်လိုက်သော ဆုံးဖြတ်ချက်ဖြစ်၏။ ထိုဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဖို့က လိုသေး၏။

"ရှင့်အနာကို ခွဲစိတ်ကုသဖို့ ဒေါက်တာကြီးပေါက ပြောတယ်။ မယုက အားလုံးစီစဉ်လာခဲ့ပြီ" မေမေက လက်ဟန်ခြေဟန်နှင့်ရောစာရေး၍ရော ပြောပြလိုက်၏။

"ဟင့်အင်း ငါ့အနာကို ခွဲမကုနဲ့၊ တော်ကြာပျောက်သွားမှာ"

ဖေဖေသည် ခွဲစိတ်ကုသနည်းဖြင့် ကုသခံရမည်ကို အကြောက်အကန်ပင် ငြင်းလိုက်၏။

"အခုတောင် အနာက အနံ့ထွက်နေပြီ။ သမီးတို့အခန်းဘက်ကတောင် အနံ့ရတယ်။ ခွဲစိတ်ကုလိုက်ရရင် ခဏကလေးနဲ့ ပျောက်သွားမှာပါ။ အခုခံလာရတာ ဘယ်လောက်ကြာပြီလဲ။ ခုခေတ်ဆေးတွေကလည်း ကောင်းပါတယ်။ ဒေါက်တာကြီးပေါ် ကိုယ်တိုင်ခွဲမှာ၊ ဘာမှအားမငယ်နဲ့"

mgyoe.com

mgyoe.com


မေမေက စာရေးပြရပြန်သည်။

နောက်ဆုံးတော့ ခွဲသည်ဖြစ်စေ၊ မခွဲသည်ဖြစ်စေ အနာကို ဒေါက်တာက ကြည့်လို၍ ဆေးရုံခဏတက်ပြီး ပြပါရန်အနေမျိုးနှင့် ချော့မော့၍ ဆေးရုံတင်ရ၏။

ကျွန်မသည် ညနေတိုင်း ရုံးဆင်းချိန်တွင် ရုံးမှ အိမ်သို့အပြန် ဆေးရုံကြီးထဲသို့ဝင်ပြီး ဖေဖေ့ကို ကြည့်ရသည်။ ဆရာဝန်ကတော့ ခွဲရမည်ဟု အတိအကျ ဆုံးဖြတ်လိုက်ပါသည်။ သွေးအားအလွန်နည်းနေ၍ သွေးသွင်းဖို့လိုကြောင်းလည်း ပြောပြပါသည်။ ထိုစဉ်က ငွေတန်ဖိုးဖြင့် သွေးတစ်ပုလင်း ၃၅ ကျပ်ဖြစ်သည်။ ကျွန်မသည် တစ်ညနေတွင် "ခွဲစိတ်ကုသဖို့ အားလုံးအဆင်သင့်ဖြစ်ပြီးဖြစ်ကြောင်း၊ သွေးဖိုးငွေ ၃၅ ကျပ်ကိုလည်း ပေးပြီးကြောင်း၊ သွေးအားကောင်းနေလျှင် ခွဲစိတ်ကုသခံရခြင်းမှာ ကြောက်စရာမရှိကြောင်း" ကို စာတိုစာရှည်ရေးပြရ၏။ စာကို ဖတ်ပြီး၍ဆုံးလျှင်...။

"အမလေး သွေးတစ်ပုလင်းကို ၃၅ ကျပ်တဲ့လား" ဟု အော်လိုက်ပါ၏။ ဖေဖေ့အော်သံကြောင့် ဘေးခုတင်က လူနာများနှင့် ဧည့်သည်များသည် ကျွန်မတို့သားအဖကို ဝိုင်းဝန်းကြည့်ကြ၏။

"အေး... ပိုက်ဆံ ၃၅ ကျပ်ကို နမြောလို့ အခွဲခံတာလို့ ဒေါက်တာကို ပြောလိုက်"

ကျွန်မသည် တစ်ဖက်ကိုလှည့်၍ ပြုံးမိသည်။

ဖေဖေ့ကို အောင်မြင်စွာ ခွဲစိတ်၍ ပြီးပေပြီ။ အသက်နှင့်တကွ ခွဲစိတ်ခန်းထဲမှ ပြန်ထွက်လာချိန်တွင်မူ ဒေါက်တာကြီးပေါ်ရော၊ ကျွန်မတို့ပါ ဟင်းချမိကြ၏။

နောက်တစ်ပတ် ဆေးရုံကြီး လှေကားထစ်များမှ အတက်တွင် ဒေါက်တာကြီးပေါ်က ဟက်ဟက်ပက်ပက် ရယ်မောကာ ကျွန်မကို

mgyoe.com

mgyoe.com


ဆီးကြို၏။ သူ့အနားတွင် သူနာပြုဆရာမလေးများနှင့် ဖေဖေ၏ ငယ်တပည့်ဖြစ်ခဲ့သူ၊ ဆေးရုံကြီး၏ စတီးဝပ်ဖြစ်သူ ဦးစောမောင် ရပ်နေသည်။ ဦးစောမောင်မှာ ဝါးခယ်မမှာ ပညာသင်စဉ်က ဖေဖေ့တပည့်ရင်းတစ်ယောက်ဖြစ်၍ ရန်ကုန်ဆေးရုံကြီးတွင် ပစ္စည်းထိန်းဖြစ်သည်။ ဝါးခယ်မမှ လူနာဟူသမျှ ဆေးရုံတက်လျှင် အယုတ်အလတ် အမြတ်မရွေး သူ ကူညီ၏။

ဖေဖေ့ခုတင်ကို ကြည့်လိုက်သောအခါ ဖေဖေ့ကို မတွေ့ရတော့ပေ။ ကျွန်မ ထိတ်သွား၏။ သို့သော်လည်း စိတ်မလေးမိပါ။ အကြောင်းမှာ ဆရာဝန်က ရယ်မောပြီး အားလုံးမျက်နှာများက ပြုံးနေကြသည် မဟုတ်ပါလား။ ဤသို့ဆိုလျှင် တစ်ခုခုကတော့ တစ်ခုခုပဲ။ လေးလေးတစ်ခုခုတော့ မဟုတ်တန်ရာ။ ပေါ့ပေါ့တစ်ခုခုသာ ဖြစ်စရာရှိ၏။

"ရော့ဟော့ မခင်ယုရေ... မင်းအဖေရဲ့ကဗျာ၊ ကဗျာဆရာကြီးမှန်းခုမှ တို့သိတယ်။ ဆေးရုံက ဆင်းချင်လို့တဲ့။ လက်မှတ်ထိုးပြီး သူ့ဘာသာသူ ဆင်းသွားလေရဲ့။ တို့များနဲ့ ဆေးရုံကြီးကို နှုတ်ဆက်တဲ့အနေနဲ့ ကဗျာတစ်ပုဒ်ရေးပြီး ဆရာမလေးတွေကို ပေးသွားလေရဲ့...၊ ဖတ်ကြည့်စမ်း"

ဒေါက်တာကြီးပေါ်သည် ရယ်မောရင်း ကျွန်မသို့ စာရွက်တစ်ရွက်ကို လှမ်းပေးလိုက်ပါ၏။ ဆရာမလေးတွေမှာ ပါးစပ်ကို လက်ကိုင်ပဝါနှင့် ပိတ်ကာ ခပ်အုပ်အုပ် ရယ်မောနေကြသည်။

စာရွက်ကိုယူပြီး ဖတ်လိုက်သောအခါ သူတို့နှင့်ရောပြီး ရှက်ရှက်နှင့်ပင် ရယ်မိပါသည်။

ဖေဖေ့ကဗျာကား...

"ယောက်ျားအတိက၊

အောက်နားကြည့်လိုက်တော့၊

mgyoe.com

mgyoe.com



မရှိ ဖြစ်ရလေတော့သတည်း…"

ဟူသတတ်။

ဘယ်လောက်များ ပြောင်မြောက်လိုက်ပါသလဲ၊ သာယာပြေပြစ်လိုက်ပါသလဲ၊ ပွင့်လင်းလိုက်ပါသလဲ၊ ကာရန် နဘောတို့၏ ညီညွတ်မှုရှိလိုက်ပါသလဲ၊ ဘာတွေ ဘာသလဲကို ချီးကျူးဖို့အချိန်ပင် မရတော့ပါ။ ကျွန်မ ခေါင်းမဖော်ရဲသေးပါ။

"အင်မတန် စိတ်ဆောင်တဲ့ဦးကြီး၊ သူများတွေသာဆိုရင် ဒါလောက်ခွဲစိတ်တဲ့ဒဏ်ရာ ပြင်းထန်ရင် ဒါလောက်ရက်နဲ့ အိပ်ရာကတောင် မထနိုင်ကြသေးဘူး။ မင့်ဖေဖေကတော့ ဒေါင်ဒေါင်ပြေးနေတာပဲ။ တစ်ခုခုဖြစ်ရင်သာ ပြန်လာပြောပေတော့ မခင်ယု၊ ခုတော့ အိုကေပဲ။ သူများတွေတော့ ခြောက်လကြာရင် ပြန်လာပြကြရတယ်။ အနာကကင်ဆာသဘောဆန်ဆန်အနာကွဲ့"

ဒေါက်တာကြီးပေါက ရှင်းလင်းပြောပြ၏။

ကျွန်မနှင့် ဦးလေး ဦးစောမောင်မှာ ဒေါက်တာနှင့် ဆရာမလေးကို နှုတ်ဆက်ပြီး ဆေးရုံပေါ်မှ ဆင်းလာကြပါသည်။ ဆီးသွားနိုင်ရန်အတွက် အနာအပေါက်တွင် ပိုက်တစ်ခုတပ်ပေးလိုက်သည်ကလွဲ၍ ဖေဖေ့တွင် ယောကျ်ားပိုင် သီးသန့်ပစ္စည်း မရှိတော့ပေ။

ဒေါက်တာကြီးပေါ ခွဲစိတ်စဉ်က ၁၉၄၉ ခုနှစ်လောက်မှာပင် ရှိသေးသည်။ ဖေဖေသည် ထိုရောဂါနှင့်ပတ်သက်ပြီး ဒေါက်တာကြီးပေါထံသို့ ပြန်လည်၍မသွားရတော့ပေ။

* * *

mgyoe.com

mgyoe.com

## သာသနာတော်သက္ကရာဇ် ၁၅၀၀ ပြည့်နှစ်နှင့် အသက် ၆၆

သာသနာတော်သက္ကရာဇ် ၁၅၀၀ ပြည့်သောနှစ်မှာ ရန်ကုန်မြို့သူမြို့သားများအတွက် ကုသိုလ်လည်း အလွန်ရ၍ ကသိကအောက်လည်းနိုင်သောနှစ်ဟူ၍ ဆိုရပေမည်။

ကမ္ဘာအေးလိုဏ်ဂူတော်တွင် ရှင်သာမဏေ ၁,၅၀၀ ရှင်ပြုပွဲ ဆင်နွှဲသည်သာမက ဗုဒ္ဓ၏ သာသနာစည်ပင်ထွန်းတောက်နေသော နှစ်ပေါင်း ၁၅၀၀ ပြည့်သော အထိမ်းအမှတ်ပွဲကိုပါ အထူးတလည်ကျင်းပမည်ဖြစ်ရကား နယ်ကလာသောသူများဖြင့် ရန်ကုန်ရှိ အိမ်တိုင်း၊ အခန်းတိုင်းတွင် အိမ်ရှင်ရော၊ ဧည့်သည်ရော နပန်းလုံးနေကြရသည်။ ရန်ကုန်မြို့ဆိုသည်ကလည်း အရောင်းအဝယ်ဗဟိုကျမှု၊ အုပ်စိုးသူများ၏ အာဏာစက်ထုတ်လုပ်ရာ နေရာဖြစ်သည်ကလွဲပြီး နေရေးထိုင်ရေးတွင် အိမ်ခန်းလေးတွေက အပိုအလိုမရှိ။ မိမိအိမ်သားနှင့်မိမိ အတိအကျလိုဖြစ်နေ၍မြန်မာ့လူနေမှုစနစ်၏ အဓိကဖြစ်သော မြန်မာ့စေတနာ ဘယ်လိုပင်ရှိသည်ဆိုစေကာမူ ဧည့်သည်များအတွက် နယ်မှာလို ပြေလည်စွာ နေနိုင်

mgyoe.com

mgyoe.com


အောင် နေရာထိုင်ခင်း စီစဉ်ပေးဖို့အတွက် မလွယ်ပါ။ ရန်ကုန် အိမ်ရှင်များသည် ဧည့်သည်များ ကသိကအောက်ဖြစ်နေရသည်ကိုကြည့်ပြီး အတော် မျက်နှာပူစရာ ဖြစ်ခဲ့ရ၏။

ထိုအချိန်တွင် အစိုးရ၏ တိုက်ခန်းဖြစ်သော ဆူးလေဘုရားလမ်းရှိ တိုက်ခန်းတစ်ခန်းတွင်ပင် ကျွန်မတို့မိသားစု နေထိုင်လျက်ရှိသေး၏။ ခြံနှင့် ဝင်းနှင့် မဟုတ်သော်လည်း တိုက်ခန်းမှာ အနံ ၂၅ ပေ၊ အလျားပေ ၅၀ လောက်ရှိသဖြင့် ဧည့်သည်များလာလျှင် ၂၅ ပေ၊ ပေ ၂၀ လောက်ရှိသော ဧည့်ခန်းတစ်ခုလုံးတွင် လေးငါးရှစ်ယောက်လောက် တိုးတိုးကြိတ်ကြိတ် တန်းစီအိပ်ပါက အိပ်နိုင်လောက်ပေသည်။

ဧည့်သည်နှင့်ပတ်သက်၍ အကြောင်းတစ်ခု ပေါ်လာပါသည်။ ပွဲတော်ရက်မတိုင်ခင် သုံးလေးရက်တွင် ကျွန်မ ရုံးမှအပြန် အိမ်ဖော်ကလေးမလေး မအေးသင်က ဆီးကြို၍ပြောသည်။

"ဘဘကြီးရယ်လေ... ဝါးခယ်မကို အခုညနေသင်္ဘောနဲ့ လိုက်သွားပြီ။ သင်္ဘောထွက်ချိန်ရောက်မှ နင့်မမကိုပြောတဲ့၊ နို့မို့ရင် လိုက်တားနေမှာစိုးလို့တဲ့"

"တားလည်းမတားပါဘူး၊ ဘာကိစ္စသွားလဲမသိ"

"မသိဘူး မမယုရဲ့၊ နှစ်ရက်ပဲကြာမယ်လို့ ဆိုတယ်"

"အေးအေး၊ ဖေဖေပြန်လာမယ့်ရက်ကျရင်သာ ဦးစံငွေကို ကြိုခိုင်းဖို့ မမေ့ကြနဲ့"

ဦးစံငွေသည် အိမ်တွင် မော်တော်ယာဉ်မောင်းပေးနေသူ ဖြစ်သည်။

ကျွန်မက ဒါလောက်ပဲ ပြောနိုင်ပါသည်။ ထိုစဉ်က ကျွန်မတွင် တတ်နိုင်သမျှကလေးနှင့် ခြစ်ခြုတ်စုပြီး ဝယ်ထားသည့်ကားလေး ရှိနေပေသေးသည်။ သို့သော် နောက်နှစ်ရက် ဖေဖေချိန်းဆိုထားသောနေ့တွင် ကားနှင့်သွားကြိုရမည့် ဒရိုင်ဘာ ဦးစံငွေပင် သူ့နေအိမ်မှ ကျွန်မတို့တိုက်

mgyoe.com

mgyoe.com


သို့ မရောက်ခင် မနက်အစောကြီး ဖေဖေနှင့် ကျွန်မတို့ဘကြီး (ဖေဖေ့အစ်ကိုဝမ်းကွဲ) ဦးဘိုးညဏ်နှင့် ဇနီး ဒေါ်ဖွားခင်တို့ ပါလာကြသည်။ သူတို့သည် ဝါးခယ်မတစ်ဖက်ကမ်း သော်ကရွာဘက်တွင် နေထိုင်ကြပြီး လွှထောင်လုပ်နေသူများ ဖြစ်ကြ၏။ ဘုရားခန်းအပါအဝင် ဧည့်ခန်းတွင် နေရာချထားပြီး ကော်ဖီနှင့်မုန့်များပင် ကျွေးပြီးဖြစ်သည်။

ကျွန်မလည်း မီးဖိုခန်းဘက်မှ မျက်နှာသစ်ပြုပြီး ဘုရားခန်းဘက်သို့ ထွက်လာခဲ့၏။ ဘုရားခန်းဟုသာ ဆိုရသည်။ သီးသန့်ခန်းမဟုတ်ပါ။ ဧည့်ခန်းခေါ် တိုက်၏ရှေ့ဘက်ပိုင်းအခန်း သမံတလင်းနှင့် တစ်ဆက်တည်းပါတည်း။ ဘုရားရှိခိုးပြီး အဘတို့နှင့် စကားပြောရ၏။

"အဘ ဦးဘိုးညဏ် နေကောင်းရဲ့လား။ ကျွန်မဖြင့် ဖေဖေ သွားတာလည်း မသိလိုက်ဘူး၊ အဘတို့ဆီ သွားတာလည်း မသိဘူး။ ရုံးက ပြန်လာမှ ကလေးမလေးတွေ ဆီးပြောလို့သိတာ"

အဘ ဦးဘိုးညဏ်သည် ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို အားရပါးရဖွာနေ၏။ သူသည် ဖေဖေ့လို ခပ်ဝဝပင်ဖြစ်သည်။ ဖေဖေ့လိုတော့ အသားမဖြူ၊ အသားမည်း၏။ သို့သော် စကားပြောလျှင် မောသံပါနေသည်။

"တို့လည်း ဘာမှန်းမသိပါဘူး။ ဒီသာသနာ ၂၅၀၀ ပြည့်ပွဲကို လာချင်တာတော့ အမှန်ပါပဲ။ တစ်နေ့က ညနေတော့ မောင်ဘ ဖြုန်းခနဲ ပေါက်လာတယ်။ သူက ဘာပြောလဲဆိုတော့ ကိုဘိုးညဏ်တဲ့၊ အစ်ကိုဟာ (ဦးနု၏အဖေ ဦးစံထွန်းကို ပြောသည်) အသက် ၆၆ နှစ်မှာ သေတယ်တဲ့။ ကျွန်တော် ခင်ဗျားကို တွက်ကြည့်တော့ ခင်ဗျား ဒီနှစ် ၆၆ နှစ်ပြည့်တဲ့နှစ်တဲ့။ ဒီတော့ ခင်ဗျားလည်း သေလိမ့်မည်တဲ့"

"ဟောတော့" ကျွန်မမှာ ဖေဖေက စွတ်စွတ်ရွတ်ရွတ် သွားပြောခြင်းအတွက် စိတ်ပျက်အံ့သြမိပါသည်။

mgyoe.com

mgyoe.com


"မသေခင် ကုသိုလ်ရအောင် ရန်ကုန်က ဘုရားတွေ ကျွန်တော် လိုက်ပို့မယ်။ စုံအောင် လိုက်ဖူးပေတော့ဆိုလို့ ငါနဲ့ ဖွားခင်လည်း လိုက်လာတာပဲ"

ကျွန်မ ရယ်မိပါတော့သည်။ ဘွားလေးဖြစ်သူ ဒေါ်ဖွားခင်မှာ ဖြူဖြူပုပုနှင့် ချစ်စရာလေးဖြစ်၏။ စကားအလွန်နည်းပြီး အမြဲပြုံးနေကာ ချစ်စရာကောင်းပေသည်။

"ဖေဖေကတော့ နားမကြားတာကလွဲလို့ အလွန်မာတာပဲ။ တစ်ခု တောင်းပန်ပါရစေ ဘဘ၊ သူပြောတာတွေကို စိတ်မထိခိုက်လိုက်ပါနဲ့။ ဘဘ ဦးစံထွန်းက ၆၆ နှစ်ပြည့်လို့ဆုံးတာနဲ့ အဘ ဦးဘိုးဉာဏ်လည်း ၆၆ နှစ်ရောက်ရင် ဆုံးရမယ်ဆိုတာ..." ပြောရင်း ဖေဖေ့ဦးနှောက်သည် ဘာတွေ အခြေခံထား တွက်ချက်ပြီး ဘယ်လိုဆုံးဖြတ်လိုက်မှန်းမသိ၊ အဘိုးကြီးလင်မယား အိုးနင်းခွက်နင်း ဖြစ်လာကြပုံကိုကြည့်ပြီး အူထဲက အလိပ်အလိပ်ထလာသည်ကို ထိန်းရင်း တောင်းပန်ရပြန်ပါသည်။

"ကမောက်ကမတွေ လျှောက်ပြောနေတာ ဘဘ၊ ဖေဖေ ပြောတာတွေ စိတ်ထဲမှာ စွဲမနေနဲ့နော်"

"အမလေး မစွဲပါဘူးဟယ်။ သူ့အတွက်သာ စိုးရိမ်တာပါ။ ဒီလို လမ်းသလားနေရင်တော့ဖြင့် ဒုက္ခပါပဲ"

"ကျွန်မတို့တော့ ဖေဖေ့ကို မထိန်းနိုင်ဘူး။ ဒီအိမ်မှာတော့ ဘဘတို့ ပျော်သလိုနေ၊ တောအိမ်လိုတော့ မကျယ်ဝန်းဘူး။ ဘဘတို့ သွားချင်တာရှိလည်း ဦးစံငွေဆိုတာ ကားမောင်းတဲ့လူ ရောက်လာလိမ့်မယ်။ ကျွန်မ ရုံးသွားပြီးရင် ကားပြန်လွှတ်လိုက်မယ်။ သွားချင်ရာသွားကြ။ ကျွန်မကိုလည်း ရုံးမှာလာကြိုဖို့ မလိုတော့ဘူး။ နေရတာတော့ သမံတလင်းမို့ အားနာပါရဲ့"

"အမလေး... တို့အတွက် ဘာမှမလိုပါဘူး။ တို့နေတတ်ပါတယ်။

mgyoe.com

mgyoe.com



နင့်ရုံးသာ နင်အေးအေးသွား"အဘ ဦးဘိုးညဏ်သည် ကျွန်မတို့ စိတ်အေးသွားအောင် ပြောရှာပါ၏။

ကျွန်မသည် အိမ်ကို မှာစရာရှိတာမှာပြီး ရုံးသို့ ထွက်သွားပါသည်။ ရုံးရောက်တော့လည်း ဦးစံငွေကို ပြန်မှာလိုက်၏။

"ဦးစံငွေ၊ ဘဘကြီး ဦးဘိုးညဏ်တို့ သွားချင်စရာရှိတာ အကုန်လိုက်ပို့လိုက်နော်။ မယုကိုလည်း လာမကြိုနဲ့တော့။ မယု ဖြစ်သလိုပြန်လာခဲ့မယ်။ အစ်ကိုကြီးကိုလည်း ပြောလိုက်၊ ပူမနေကြနဲ့တော့"

ကျွန်မက ဦးစံငွေကို ကားနှင့်ပြန်လွှတ်လိုက်ပါသည်။ ကျွန်မရုံးဆင်းချိန်မှာ မမှန်၊ များသောအားဖြင့် နောက်ကျတတ်ပါသည်။

ကမ္ဘာအေးပွဲတော်မှာ စရက်ဖြစ်၍ လူစည်ကားစဖြစ်ပါသည်။ ဝန်ကြီးချုပ်တို့ ဇနီးမောင်နှံလည်း ၅ နာရီလောက်ကပင် ကမ္ဘာအေးသို့ ထွက်ခွာသွားကြ၍ ရုံးခန်းတွင် ကျွန်မ အားလပ်သွားပါသည်။

ကျွန်မလည်း အိမ်ပြန်ရင်ပြင်ဆင်နေဆဲ ကျွန်မ၏ခင်ပွန်းဖြစ်သူနှင့် သမီး မိ၊ ဦးစံငွေတို့ ကားနှင့်ပေါက်လာကြသည်။

"ဟင်... ဘယ့်နှယ်လဲ၊ ကျွန်မကို လာမကြိုနဲ့လို့ ဆိုတာ ဦးစံငွေလာကြိုတယ်။ မယု ဖြစ်သလိုပြန်လာမှာပေါ့။ အဘ ဦးဘိုးညဏ်တို့ ဘယ်ထားခဲ့သလဲ"

ဦးစံငွေက ဘာမှမဖြေဆိုခင် အစ်ကိုကြီးက စတင်၍ "ကဲ... အလုပ်ပြီးရင် အေးအေးဆေးဆေးသာ ကားပေါ်တက်၊ တို့များ ကမ္ဘာအေးဘက်ကို ဖြည်းဖြည်း တစ်ပတ်မောင်းကြည့်ရအောင်။ ခင်ဗျားရဲ့ ဖခမည်းတော်ဘုရားကြီးက ဦးစံငွေ အိမ်ပြန်ရောက်တော့ တွေ့တောင် မတွေ့ဘူးတဲ့။ အဘ ဦးဘိုးညဏ်တို့လည်း မရှိဘူး။ ခုထိလည်း ပြန်မလာကြသေးဘူး ခင်ဗျ"

အစ်ကိုကြီးပြောသည့်အတိုင်း ကျွန်မသည် ကားပေါ်တက်လိုက်

mgyoe.com

mgyoe.com


ခဲ့ရသည်။ အဘ ဦးဘိုးညဏ်တို့အတွက် စိတ်တထင့်ထင့် ဖြစ်နေပါသည်။ ကမ္ဘာအေးရောက်လျှင် ကားကို ဝိသာခါတန်ဆောင်းနားတွင် ရပ်ခဲ့ကြ၏။ ၇ နာရီလောက်တွင် ပြန်ဆုံမည်ဟုချိန်းကာ ဦးစံငွေအား ပွဲခင်းကိုကြည့်ရန် လွှတ်လိုက်ပါသည်။

ကျွန်မတို့ သားအဖသုံးယောက်သည်လည်း စေတီတော်ဘက်သို့ သွားရောက်ဖူးမြော်ကြ၏။ စိတ်အေးလက်အေးပင် သိမ်ဘက်၊ ကန်ဘက်များကို လျှောက်ကြ၏။ လိုဏ်ဂူကြီး ပြင်ဆင်ထားသည်ကိုလည်း အဝေးမှကြည့်ကြရင်း မိုးချုပ်စ ၆ နာရီခွဲလောက်တွင် ဝိသာခါဇရပ်ဘက်သို့ ပြန်လျှောက်လာကြသည်။ ဇရပ်ရှေ့ ခပ်လှမ်းလှမ်း သစ်ပင်တစ်ပင်နားအရောက်တွင်မူ မိက ထ၍အော်ပါသည်။

"မေမေ... ဖေဖေ မောင်း၊ ဟိုမှာ ဟိုမှာ... ကြည့်ပါဦး၊ သစ်ပင်အောက်မှာ မနက်ကလာတဲ့ ဘဘကြီးတို့"

ကျွန်မတို့နှစ်ယောက်သည် မိ ညွှန်ပြသောနေရာဆီသို့ ကြည့်လိုက်သောအခါ ဘကြီး ဦးဘိုးညဏ်တို့လင်မယားမှာ သစ်ပင်လေးတစ်ပင်အောက်တွင် ငုတ်တုတ်လေးထိုင်နေကြသည်ကို မြင်ရတော့သည်။ ဖေဖေ့ကိုတော့ မတွေ့မိပါ။

ကျွန်မသည် ကမန်းကတန်းပင် သူတို့ရှိရာသို့ ပြေးသွားရ၏။

"ဘဘတို့ ဘယ်လိုဖြစ်တာလဲ၊ ဖေဖေကော"

အဘိုးကြီး လင်မယားမှာ အတော်နွမ်းနယ်နေပုံရ၏။ ကျွန်မကို မြင်မှ အားတက်သွားပုံရ၏။ ရင်ဘတ်ကို လက်နှင့်ဖိကာ ဘဘကြီးက အတော်ကို မောပန်းသောအသံနှင့် ပြောပါသည်။

"အမလေး... မခင်ယုရေ၊ ဖဖ နှစ်ပြည့်လို့မသေ၊ နင့်အဖေ မောင်ဘ တို့ကိုသတ်လို့ သေလိမ့်မယ်။ မနက်က နင်လည်း ရုံးထွက်သွားရော တို့ကို ထမင်းကျွေးပြီး 'သူ့ကားကို စောင့်မနေနဲ့တဲ့၊ ခင်ဗျားတို့ကို

mgyoe.com

mgyoe.com



အစုံ ကျုပ်လိုက်ပို့မယ်' ဆိုပြီး ဆွဲခေါ်လာတာပဲ။ ဘုရားတွေတော့ စုံပါရဲ့။ ဘတ်စ်ကားတွေက တဖြည်းဖြည်း ကျပ်လာတော့ တချို့နေရာတွေမှာ ကုန်းကြောင်းလျှောက်လာရတာ ငါသေတော့မယ်။ ဒီကမ္ဘာအေးရောက်တော့ ဘုရားကုန်းပေါ်အနှံ့ လျှောက်ဦးမတဲ့လေ။ မင်းဘာသာသွားတော့၊ တို့တော့ မလိုက်နိုင်တော့ဘူးဆိုပြီး ဒီမှာနေရစ်ခဲ့ရတော့တယ်။ မင်းအဖေတော့ သွားလေရဲ့..."

ကျွန်မမှာ အတော်စိတ်ထိခိုက်သွားပါသည်။

"ဒါကြောင့် ကျွန်မ သိပ်စိတ်ညစ်တာ အဘရဲ့။ သူက သူထင်ရာသူ စွတ်လုပ်တာပဲ။ တခြားလူ လုပ်နိုင်လား၊ မလုပ်နိုင်လားလည်း မသိဘူး။ ခုလည်း ဘယ်ထွက်သွားလဲမသိ။ သူ ဘယ်သွားသွား၊ အဘတို့ အအေးအဖျော်ရည်တစ်ခွက်စီလောက်တော့ သောက်ကြပါဦး။ ကားနဲ့ တစ်ခါတည်း ပြန်ပို့မယ်"

အဘမှာ ပန်းနာရှိသူဖြစ်၍ ကျွန်မက ပိုသနား၏။

"မသောက်ပါရစေနဲ့တော့ကွယ်၊ အိမ်ကိုသာ ပြန်ပို့ပါတော့။ သူနဲ့သာဆိုရင် ငါသေလိမ့်မယ်"

အတော်ပင်တည်း။ ဦးစံငွေပြန်ရောက်လာ၍ ဘကြီး ဦးဘိုးညဏ်တို့လင်မယားကို တစ်ခေါက်သတ်သတ် ပြန်ပို့ခိုင်းရ၏။ ကျွန်မတို့မှာ အဘ ဦးဘိုးညဏ်တို့ နားနေခဲ့ရာ သစ်ပင်အောက်တွင် ဖေဖေ့ကို စောင့်ခေါ်ကာ နောက်တစ်ခေါက် ကားနှင့်မှ ပြန်လာရပါတော့သည်။

ဖေဖေကတော့ ဟန်ပင် မပျက်ပါပေ။

ဘကြီး ဦးဘိုးညဏ်သည်လည်း ဖေဖေပြောသော အသက် ၆၆ နှစ်တွင် မသေခဲ့။ တစ်နှစ်ကမှ ဆုံး၍သွားပါသည်။

* * *

mgyoe.com

mgyoe.com

## ဦးအချိန်မှန်

ဆူးလေဘုရားလမ်းတိုက်တွင် နေစဉ်က ခြေတစ်ဖက်ဆွဲရုံသာ ဆွဲနေသေး၍ လမ်းကောင်းကောင်း လျှောက်နိုင်နေသေးရာ တစ်ခါတစ်ရံ သူ စိတ်ပါလက်ပါရှိသောနေ့တွင် ရေနွေးဘူးထဲ ကော်ဖီထည့်ပြီး စားစရာ သောက်စရာ အစုံအလင်နှင့် ကျောက်မြောင်း၊ ဩဘာလမ်းရှိ သမီး အလတ်အိမ်သို့လည်းကောင်း၊ ရွှေတိဂုံဘုရားမြောက်ဘက် အာဇာနည် ကုန်းနားရှိ ခြံတွင်နေသော သားအကြီးဆုံး ဗိုလ်မှူးသီဟ အိမ်ကို လည်း ကောင်း ကုန်းကြောင်းလျှောက်တတ်ပါသည်။

ထိုစဉ်ကတည်းက ဦးနုမှာ ဝန်ကြီးချုပ်ရာထူးမှ ခဏခဏ ထွက်ဖို့ အကြောင်း စီစဉ်၏။ သူ စီစဉ်တိုင်း ကျွန်မမှာလည်း အတွင်းရေး အတွင်းဝန်အဖြစ်မှ နုတ်ထွက်ဖို့ ပြင်ရ၏။ ဘာကြောင့်ပြင်ရသနည်းဆို သော် အဓိကအကြောင်းရင်းမှာ ဖေဖေပါပင်တည်း။ အစိုးရအလုပ်မှ ထွက်လျှင် အစိုးရအိမ်ကို ပြန်အပ်ရမည်။ ဖေဖေနှင့် ရပ်ကွက်ထဲရှိ အိမ် များကို ငှားနေ၍ ဖြစ်မဖြစ် ထိုအချက်မှာ အဓိကထား၍ စဉ်းစားရသော အချက်ဖြစ်၏။ ယခု ဆူးလေဘုရားလမ်းပင် ကုလားများကြားထဲတွင် နေရ၍ ရပ်ကွက်ကို အားမနာရခြင်းဖြစ်သည်။ မြန်မာဆို၍ ဦးလေးချစ်

mgyoe.com

mgyoe.com



(ကောက်ပဲသီးနှံ) နှင့် ဒေါ်နုနုတို့ အိမ်ထောင်စုတစ်စုသာ ရှိသည်။

ဒါတောင် ပြောင်းစက ဝါးခယ်မမှ မိတ်ဆွေတစ်ယောက် ဆူးလေဘုရားဖူးပြီး ဘုရားလမ်းပလက်ဖောင်းပေါ် လျှောက်၍ ကျွန်မတို့အိမ်ရှိရာဘက်သို့ ကူးလာရာ ဖေဖေက တိုက်ပေါ်က လှမ်းမြင်လိုက်ပါသည်။ ဘယ်လောက်ဝမ်းသာအားရစိတ်နှင့် ဘယ်လောက် အော်ဟစ်ခေါ်လိုက်သည် မသိပါ။ အိမ်ခန်းနားနီးချင်း ကုလားများရော လမ်းဘေးကပ်ရပ်ထားကြသည့် မော်တော်ကားများမှ ဒရိုင်ဘာများပါ စားပြဲတိုက်သည်ထင်ပြီး အိမ်ပေါ်ပြေးတက်လာသောကြောင့် မနည်း အကျိုးအကြောင်းရှင်းလင်းပြောပြ၍ တောင်းပန်လွှတ်ရတော့သည်။

"သမီးတို့ဖေဖေ ပြောပုံ၊ ဆိုပုံ၊ နေပုံနဲ့တော့ မောင်နု ရာထူးကထွက်ရင် သမီးတို့နေဖို့အိမ်လိုတယ်။ ရပ်ကွက်ထဲတော့ မဖြစ်ပါဘူး။ လူ ဝေးဝေးတစ်နေရာမှာ ခြံလေးတစ်ခြံတော့ ဝယ်ပါသမီး။ ခြံထဲမှာတော့ တဲလေးပဲ ထိုးနေရ နေရပေါ့။ တော်တော်ကြာ ဖေဖေ့အတွက် ဘေးလူတွေ စိတ်ဆင်းရဲစရာကြီး"

ကျွန်မတို့သည် ဖေဖေပေးသော အကြံဉာဏ်အတိုင်းပင် ယခု ဗဟန်းလစ်ရပ်ကွက်ရှိ ကေဝက် မပြည့်တပြည့်လောက်ကို ၃,၀၀၀ ပေး၍ ဝယ်ယူထားရပါသည်။

မြေဝယ်ပြီးပြန်တော့လည်း တစ်ဒုက္ခ၊ ဖေဖေသည် ထမင်း စားသောက်ပြီးလျှင် ခေတ်ဘူးထဲ လက်ဖက်ရည်အချို့ ဖျော်ထည့်ပြီး မုန့်မျိုးစုံထည့်ယူသွားကာ သူ စိုက်ချင်သည့် သစ်ပင်မျိုးစုံ၊ မျိုးစေ့မျိုးစုံနှင့် ထွက်သွားလိုက်သည်မှာ မိုးစုံးစုံးချုပ်မှ ပြန်လာတော့သည်။

တစ်ခါတစ်ရံ ကျွန်မ ရုံးမှ ပြန်လာချိန်အထိ ဖေဖေ ပြန်မရောက်သေးပေ။

"နုနုရေ... ဖေဖေ မိုးချုပ်လိုက်တာကွယ်" ကျွန်မကား ပူပင်

mgyoe.com

mgyoe.com


သောကများသူတည်း။

"ပူမနေနဲ့၊ ကားတိုက်ခံထိလည်း ဆေးရုံကြီးက လာအကြောင်းကြားလိမ့်မပေါ့။ အဲဒီတော့မှ လိုက်သွားလိုက်ကြတာပေါ့"

နုနုကတော့ ဘယ်တော့မဆို စိတ်သက်သာသောလမ်းကို ကြံဖန်တွေးသူတည်း။ တစ်နေ့တွင်တော့ ကျွန်မတို့ အစ်ကိုဝမ်းကွဲတော်သူ ကိုချစ်ထွန်းသည် ညနေ ၆ နာရီလောက် သူ့ကားနှင့် ပေါက်လာ၏။ သူ့ကားထဲတွင် ဖေဖေ ပါလာသည်။ ကိုချစ်ထွန်းသည်လည်း ကျွန်မတို့ ခြံရှေ့ရှိ မြေကွက်ကို ဝယ်ထားသူဖြစ်၏။

သူက အိမ်ပေါ်ရောက်ရောက်ချင်း ထိုင်ပင်မထိုင်။

"မယုရယ်... ဦးလေးတစ်ယောက် ဒီလိုပဲ လျှောက်သွားနေတာပဲလား။ ကိုယ် ခြံထဲကအပြန် ဂွတ္တလစ်လမ်းမကြီးပေါ် ကားမောင်းလာတော့ ဦးလေးကို လမ်းထောင့်နားမှာတွေ့လို့ ခေါ်လာခဲ့တယ်။ မှောင်စလည်း ပျိုးနေပြီ။ ကားတိုက်မိမှဖြင့် ဒုက္ခပါပဲ" သူက ကရုဏာဒေါသောနှင့် ကျွန်မကို ပြောပါသည်။ ကျွန်မက ဘာမှပြန်မဖြေသေးဘဲ ကိုချစ်ထွန်းကို ထိုင်ဖို့နေရာ ပေးလိုက်၏။ ပြီးတော့ ကိုချစ်ထွန်းပြောသည်ကို ဖေဖေ့အား စာရေးပြလိုက်၏။ သူသည် ကင်းဘတ်ရှူးဖိနပ်ဖြူကိုချွတ်ရင်း ကျွန်မရေးသောစာကိုဖတ်ကြည့်ကာ ခုနစ်သံနှင့် အော်ပါတော့သည်။

"အောင်မယ်... သူ့ကားကို ငါက စီးချင်လွန်းလို့၊ ဝေးပါသေး။ ငါ့ကိုလည်း သူက ကားပေါ်အတင်းတက်ပါဆိုလို့ ခေါ်လို့လည်း တက်ရသေး။ နောက်ကို မခေါ်စေနဲ့။ ငါ့ဘာသာ လမ်းလျှောက်နိုင်တယ်လို့ ပြောလိုက်"

သူ စကားပြောသောနေရာနှင့် ကိုချစ်ထွန်းထိုင်သောနေရာမှာ ခန်းဆီးတစ်ခုသာခြား၍ ကိုချစ်ထွန်းက အားလုံးကြားရပါသည်။

"ကဲ... ကြားပြီလား ကိုချစ်ထွန်းရေ၊ သူ့အပေါ် ကျွန်မတို့က

mgyoe.com

mgyoe.com


မြင်နေတာကတစ်မျိုး၊ သူ့ကိုယ်သူ ထင်နေတာက တစ်မျိုး”

ကျွန်မက ဆက်လက်ရှင်းပြမှ ကိုချစ်ထွန်းမှာ သဘောပေါက်ရယ်မောကာ ပြန်သွားပါတော့သည်။

*

စစ်ကြီးဖြစ်နေစဉ် အတောအတွင်းကပင် ဝါးခယ်မမြို့သည် စစ်လမ်းမကျ၍ ငြိမ်းအေးနေသည်တော့ မှန်၏။ တစ်ခါတစ်ရံတော့ လေယာဉ်ပျံဝဲကာ စက်သေနတ်နှင့် လာ၍ပစ်တတ်၏။

အိမ်ရှိ လူအိုများကို လေကြောင်းရန် လုံခြုံရာသို့ ပို့ပြီးသည့်နောက် ဖေဖေ့ကို လိုက်ရှာလျှင် များသောအားဖြင့် ခြံထဲရှိ အုန်းပင်အောက်တွင် အုန်းလက်များကို အုန်းတံမြက်စည်းတံလုပ်ရန် သင်၍နေတတ်သည်။

မေမေ့မှာ ‘လင်’ ဟူသော သံယောဇဉ်ဗျာပါဒဖြင့် သူကိုယ်တိုင်လည်း ပြေး၍သွားခေါ်ပါသည်။ ကျွန်မကိုလည်း...

“ဟဲ့... သမီးတို့ဖေဖေကို ဆွဲခေါ်ပါဦး။ လေယာဉ်ပျံသံ သူ ကြားမှာမဟုတ်ဘူး” ဟု အော်တတ်၏။ လေယာဉ်ပျံသာ ရှဲ၍ သွားသည်၊ ဖေဖေကတော့ ထိုင်ရာမှမထ။

“တင်တင် ဘာဖြစ်တာလဲ...”

မေမေက လေယာဉ်ပျံ လာ၍ စက်သေနတ်ပစ်ကြောင်း ပြောပြ၏။

“အလကားပဲ စိတ်ပူနေ၊ စစ်ဖြစ်သလေး ဘာလေးနဲ့ အရှုးထနေကြတာ သိလား။ ဘာမှ ကြောက်စရာမရှိဘူး”

သူက ဘာမှမတုန်မလှုပ်၊ ရောဂါရ၍ နားသာလေးသွားသည်။ ဟိုစဉ်ကတည်းက နေ့စဉ် အင်္ဂလိပ်–မြန်မာ သတင်းစာဂျာနယ်များကို ဖတ်သည်၊ ရီးဒါးဒိုင်ဂျက်၊ လိုက်ဖ်တိုင်းမ်၊ နယူးစ်ဝိခ် စသည်များကိုလည်း ဖတ်သည်။ သို့သော် သူက စစ်ဖြစ်ခြင်းကိုမယုံ။ ခေါင်းဆောင်

mgyoe.com

mgyoe.com


များ အရှုးထကြသည်ဟူ၍ပင် စွပ်စွဲလိုက်သေးသည်။ ယခုလည်း သူ့အိပ်ခန်းတွင် စာအုပ်ပုံမှာအပြည့်။

ကျွန်မပင် အင်္ဂလိပ်စာတတ်စက ဖေဖေ့ခေါင်းရင်းဘုရားစင်မှ အင်္ဂလိပ်စာအုပ် လွယ်လွယ်ကလေးများကို စ၍ဖတ်ခဲ့ရ၏။ အမှန်တော့ နတ်သမီးပုံပြင်ကလေးများကိုသာ အဖတ်များ၍ ဝတ္ထုကိုတော့ ထိုစဉ်က ပထမဆုံးဖတ်ဖူးသည်မှာ '*EASTERN LOVER' ဟုခေါ်သော စာအုပ် ဖြစ်သည်။ ထိုဝတ္ထုလေးကို စွဲလမ်းခဲ့သည်ကလည်း ဝတ္ထုကြောင်းကို လည်လည်ပတ်ပတ် ဖတ်တတ်၍မဟုတ်ပါ။ ထိုဝတ္ထုထဲတွင်ပါသော ကဗျာလေးကိုကြိုက်၍ဖြစ်ပါသည်။ ကဗျာလေးကိုလည်း ကဗျာပိုဒ်ကြီး တစ်ခုလုံးကို မဟုတ်။

(မှတ်ချက်)*။ ။ ဝတ္ထုစာအုပ်သည် အင်္ဂလိပ်လိုရေးထားသော စာအုပ်ဖြစ်သဖြင့် သူ့အတိုင်း ရေးထည့်ရခြင်း ဖြစ်ပါသည်။ မြန်မာလိုတော့ (အရှေ့တိုင်းကချစ်သူ) ခေါ်မလား မသိ။

You are a Man and Strong,
I am a Woman and Weak.
You are The World to me,
I am nothing to you.

ထိုကဗျာအပိုဒ်ကလေးကို စွဲရင်းမှ အင်္ဂလိပ်ဝတ္ထု လွယ်လွယ်လေးများကို စွဲလမ်းလာရခြင်းဖြစ်၏။

(မှတ်ချက်) သူ့နဂို အင်္ဂလိပ်စာပိုဒ်အတိုင်း ရေးပြရသည်ကို ခွင့်လွှတ်ပါ။ သူ ဆိုလိုချင်သည်ကိုတော့ တတ်နိုင်သမျှ ဖော်ပြပါမည်။

"သင့်မှာ ယောကျ်ားဖြစ်၍ စွမ်းအားနှင့်သူ ဖြစ်ပါသည်။ ကျွန်မမှာ မိန်းမသားဖြစ်၍ အားနွဲ့သူ ဖြစ်ပါသည်။ သို့ကြောင့်

mgyoe.com

mgyoe.com



ပင် သင်သည် ကျွန်မ အားထားရာ ကမ္ဘာတစ်ခုကဲ့သို့ ဖြစ်ပါသော်လည်း ကျွန်မသည် သင့်အတွက် ဘာမျှ ထည့်သွင်းစဉ်းစားစရာ သတ္တဝါတစ်ယောက် မဟုတ်ပါ"

ဟုများ ဆိုလိုခြင်း ဖြစ်ပါလေသလားမသိ။ အမှန်တော့ ကျွန်မ ဘာသာပြန်မတတ်၍ သူ့ကဗျာအရသာမှာ ပေါ့သွားကောင်း ပေါ့သွားပါမည်။ အနီးကပ်ဆုံး ရှင်းရှင်းရေးရလျှင်တော့ မင်းသုဝဏ်၏ ကဗျာတစ်ပုဒ်ကို ဖတ်ဖူးကောင်း ဖတ်ဖူးပေလိမ့်မည်။

"သင့်မှာ ကျွန့်တွက်၊ တစ်ဆံရွက်မျှ၊

ချစ်သက် ချစ်ငွေ့ မကျန်၍" ဟူသော ကဗျာပိုဒ် ဖြစ်ပါသည်။

သူက မည်မျှပင် ချစ်ပါသော်လည်း သူ့ချစ်သူကမူ ဆံချည်မျှင်လေး တစ်မျှင်စာလောက်မှ ချစ်သက် ချစ်ငွေ့ သူ့အပေါ်တွင် မရှိပါလားဟု ဆိုလိုကောင်း ဆိုလိုပေလိမ့်မည်။ စာဖတ်ပရိသတ်အနေနှင့် "ကဗျာက ဘာမှလည်းမဟုတ်ဘဲနဲ့ သူက ဘာကိုများစွဲလမ်းပါလိမ့်" ဟု ထင်ကောင်း ထင်ပေလိမ့်မည်။ ခက်ပေသား။ စာရေးဆရာဉာဉ်ပါလာသူသည် ငယ်ငယ်ကတည်းကပင် သူများ မစွဲလမ်းချင်သည့်အရာများ၊ သူများ မခံစားတတ်သည်များကို တွေ့ထိ ခံစားတတ်သူများဟု ထင်ပါသည်။

သို့သော် ယခုအချိန် ကျွန်မသည် ကလောင်တံကိုကိုင်၍ 'ခင်နှင်းယု' ဟူသော ကလောင်အမည်တစ်ခုကို ပိုင်လာသောအခါ ချစ်သူလည်းရှိ၏၊ မုန်းသူလည်းရှိ၏၊ စာပေများကို အကောင်း ဝေဖန်ခံရသည်လည်းရှိ၏၊ မကောင်းဝေဖန်ခံရသည်လည်း ရှိသည်။

သို့သော် ကျွန်မ၏ ချစ်လှစွာသော ဖေဖေသည် ကျွန်မအပေါ် ဝေဖန်သည်ကို နားထောင်ပါဦး။

သွားလေသူ ကိုသန်းဆွေ အလည်လာသော နေ့တစ်နေ့တွင် ဖေဖေက ကျွန်မ စာရေးနေသည်ကိုညွှန်ပြရင်း ကိုသန်းဆွေကို ပြောပါ

mgyoe.com

mgyoe.com


သည်။

“စာရွက်ကောင်းတွေကိုလေ ဖြုန်းပြီး တစ်နေ့တစ်နေ့ ဘာတွေ ရေးနေမှန်းသိဘူး။ စကားလုံးတွေကလည်း ဘယ်ကရတာလဲမသိ၊ ခင်ဗျား သူရေးတာတွေကို နားလည်လား၊ ကျုပ်တော့ နားမလည်ပေါင်”

ကျွန်မနှင့် ကိုသန်းဆွေမှာ ဖေဖေ့စကားဆုံးလျှင် အူတက်မတတ် ရယ်ရပါတော့သည်။

ကျွန်မ ဘီအေအောင်စဉ်ကလည်း ကျွန်မရေးသော အင်္ဂလိပ်စာကို ဖတ်၍ “ဒီကောလိပ်ကျောင်းကမို့ သူ့ကို ဘီအေအအောင်ပေးတာ ပေါ့။ သူ့အင်္ဂလိပ်စာက ကင်ဒါဂါဒင် အင်္ဂလိပ်စာကြီး၊ မြန်မာလိုတော့ သူငယ်တန်းအင်္ဂလိပ်စာကြီး” ဟူ၍ ကျွန်မ၏အင်္ဂလိပ်စာအရေးအသား ကို အမြဲဖတ်ရှုပြစ်တင်ပါသည်။ ကျွန်မကလည်း အတန်းကျောင်းတွင် အင်္ဂလိပ်စာကို သင်လာရသူမဟုတ်၊ များသောအားဖြင့် ဖြတ်လမ်းက လိုက်ရသူဖြစ်၍ အင်္ဂလိပ်စာမှာ ညံ့ဖျင်းကြောင်း ဝန်ခံရပေမည်။ ဖေဖေ ပြောသည်မှာလည်း မှန်ပေသည်။

ဖေဖေသည် သားသမီးများ စာကြည့်ရန် စားပွဲတင်မှန်အိမ်အတွက် ညနေစောင်းလျှင် မှန်အိမ်ပြောင်းကို သူကိုယ်တိုင် တိုက်ပေးသည်။ စာကြည့်စားပွဲတွင်လည်း လူစုံမှကြိုက်သည်။ အမြဲတမ်း စာမေးပွဲအမှတ် ကို ဂရုစိုက်၍ကြည့်လေသည်။

ဆူးလေဘုရားလမ်းအိမ်တွင် နေကြစဉ်ကပင် နုနု ဒီဂရီရပြီး ကျွန်မ ကတော့ ဝွတ်တ္တလစ်ရှိ အိမ်ကို ဆောက်ပြီးမှပင် ဘီအေပြန်တက်၍ ဒီဂရီ ယူရပါတော့သည်။

စောစောက ရေးခဲ့သလိုပင် ဝွတ္တလစ်အိမ်ဆောက်ပြီး ပြောင်းလာ သောအခါ သူ စိုက်ချင်ရာစိုက်၊ ပျိုးချင်ရာပျိုးနှင့် လွတ်လွတ်လပ်လပ် နေလာရ၍ ဝဖြိုးကျန်းမာလာပါသည်။ ကျွန်မသည် ရေချိုးခန်းနှင့် ရေဆွဲ

mgyoe.com

mgyoe.com



အိမ်သာကမှတ်ကို တစ်ဆက်တည်းထားရုံမက ဖေဖေ အသက်ကြီးလျှင် လွယ်ကူစေရန်အတွက်ဟု ရည်မှန်းပြီး ဖေဖေ့အိပ်ခန်းနှင့်တွဲလျက် ထားပါသည်။ အိမ်သာရေချိုးခန်းနှင့် အိပ်ခန်း တစ်ဆက်တည်းဆိုသော်လည်း ဝင်ပေါက်၊ ထွက်ပေါက် မတ်တတ်တံခါးများ တပ်ထားခြင်းဖြင့် တစ်ကန့်စီ လုပ်ထားခြင်းဖြစ်ပါသည်။

တစ်နေ့တွင် အိမ်ဖော်ကလေးမလေး မအေးသင်က ပြေး၍ လာပြောပါသည်။

"ဘဘကြီးရယ် အိမ်သာပေါ်က လိမ့်ကျလို့ မြန်မြန်လာပါဦး"

"ဘယ်လိုဖြစ်ရတာလဲ"

ကမှတ်နှင့် သမံတလင်းအခင်းမှာ တစ်ပြေးတည်းဖြစ်၍ လိမ့်ကျစရာအကြောင်း မရှိပေ။

"ကျွန်မတို့အိမ်သာကို လာပြီးတက်သွားတယ်။ သူ့ကို ဘယ်သူမှ မထူရဘူးတဲ့ အော်နေလို့ မမယုကို လာခေါ်တာ" ကလေးမလေးတွေ သုံးရမည့်အိမ်သာမှာ အင်္ဂတေလေ့ကားသုံးထစ်နှင့် အတော်မြင့်သည်။ ရေဆွဲအိမ်သာပင်ဖြစ်၍။ တိုက်အဆောက်အအုံနှင့်တွဲမထားပါ။ သီးခြားတစ်နေရာတွင် ဆောက်ထားခြင်းဖြင့် အများစုသွားနိုင်အောင် လုပ်ထားရခြင်းဖြစ်သည်။

ဘာတွေများ တွေ့ရဦးမလဲ ရင်တထိတ်ထိတ်နှင့် နောက်ဖေးခြံထောင့် အိမ်ဖော်နေရာ တန်းလျားရှိရာသို့ သွားရသည်။ ထုံးစံအတိုင်း အိမ်ဖော်တွေ၊ မြေးတွေ၊ တူတွေရှိပေမင့် အနားမကပ်ရ။

"ငါ့လခွေးမှပဲ နာလိုက်တာ၊ သွား... ငါ့ဟာငါ ထနိုင်တယ်" ပါးစပ်ကလည်း ဆဲဆိုရေရွတ်နေသည်။ ဆီးစပ်မှ အနာကို ခွဲစိတ်ကုသခံပြီးကတည်းက ဖေဖေသည် တစ်ရှိန်ထိုးဝလာ၏။။ ထမင်းစားလည်း တစ်နေ့မှမပျက်ပေ။ ယခုလည်း မြေပေါ်တွင် ပုံကျနေသော သူ့ခန္ဓာကိုယ်

mgyoe.com

mgyoe.com



ကြီးကို မနည်းသယ်၍ မ,နေရသည်။ လိမ့်ကျသည့်ဒဏ်ရာကလည်း အတော်နာဟန်ရှိသည်။ ကျွန်မမှာ အော်ဟစ်သည့်ကြားက ဖွတ်ပင်သွားကာ သူ့ကို ဖေး၍ထူလိုက်ရ၏။

"စလုံးလင်နမင် စလုံးလင်နမင် လူးရင် ခုပျောက်မှာ၊ ငါ့ကို ဆရာဝန်ဆီမခေါ်နဲ့" ဆရာဝန်ကလည်း ကြောက်လိုက်သည့်ဖြစ်ခြင်း။ ကျွန်မတို့က ချော့မော့ကာ မီးဖိုခန်းထဲသို့ ခေါ်သွားရ၏။ ဒဏ်ရာမှာ ဘယ်ဘက်လက်မောင်းတွင် ရရှိသွားဟန်တူသည်။ သူလိုချင်သော လင်နမင်ကိုသာ သူ့လက်ထဲကို ပေးလိုက်ရ၏။ သာမန်လူအသားနှင့် ဆိုလျှင် တစ်လက်ခုပ်လောက်ရှိသော စလုံးလင်နမင်သည် အရေပြား ကို အလွှာလိုက် ကွာကျမည်ဟုထင်ပါသည်။ ယခုတော့ သူ့ဘာသာသူ ဆုပ်နယ်လူး၍ ပုဆိုးအစုတ်ကြီးနှင့် ပတ်လိုက်သည်။ ကျွန်မကတော့ စိတ်မကောင်း။ ဒဏ်ရာကို သေသေချာချာ ကြည့်ချင်သေးသည်။ သို့သော်... အနားကပ်မခံ။ "သွားလေ... လုပ်စရာရှိတာ လုပ်ကြ၊ ပျောက်သွားပြီ" ဘာတစ်ခုမှမဖြစ်တော့သလို ခပ်ပေါ့ပေါ့ပင်ပြောကာ သူ့ကွမ်း အစ်ကြီးကို ဆွဲယူလိုက်၏။

ညနေ နုနု ကျောင်းဆင်းချိန်ရောက်မှပင် ကျွန်မသည် နုနုကို တိုင်ပင်ရ၏။

"ဖေဖေ့ကို အသာချော့ပြီး သူ့ပတ်တီးကို ဖြေကြည့်စမ်း။ အင်္ဂတေ လှေကားအစွန်းနဲ့ကို သွားရိုက်တာ မတော်တဆ အရိုးတွေ ဘာတွေ အက်သွားရင် မကောင်းဘူး"

နုနုသည် အတော်ကြာလျှင် ဖေဖေ့အိပ်ခန်းထဲမှ မျက်စိမျက်နှာ မကောင်းဘဲ ထွက်လာ၏။

"မမယု၊ ဖေဖေ့ရဲ့လက်ကြီးက အဆမတန်ကို ရောင်နေတယ်။ ဆရာဝန်ဆီ သွားမှပဲထင်တယ်။ ဖေဖေ ဟန်သာလုပ်နေတယ်။ အတော်

mgyoe.com

mgyoe.com



ပဲ နာပုံရတယ်"

"အေး... ငါထင်သားပဲ၊ တော်ကြာ ခွဲရစိတ်ရတဲ့ဘဝရောက်ရင် မကောင်းဘူး။ ကဲ... ချော့ပေဦး၊ ဆရာဝန်ဆီသွားရအောင်"

ကျွန်မတို့ ညီအစ်မနှစ်ယောက်မှာ ဒေါက်တာကြီးပေါ်ထံ ဖေဖေ့ကို ချော့၍ ခေါ်လာရပြန်ပါသည်။

"ကျုပ်... ကျုပ်... ဘာမှမဖြစ်ပါဘူး။ သူတို့ အတင်းခေါ်လို့ လိုက်လာရတာ" ပါးစပ်ကသာ ဖွတ်ပေ၍ပြောနေသည်။ ဆရာဝန်က သူ့လက်ကို ကိုင်တွယ်ကြည့်သောအခါ အကိုင်မခံနိုင်တော့ပေ။ ရောင်နေလိုက်သည်မှာလည်း ကြည့်၍မကောင်းပေ။

"ဒဏ်ရာကတော့ အတော်ပြင်းတယ်။ အရိုးတော့ ထိမယ်မထင်ပါဘူး။ ဒါပေမင့် သေချာအောင် ဓာတ်မှန်ရိုက်လိုက်လေ။ သူ့အနာ သက်သာအောင် ဆေးသုံးလုံးပေးလိုက်မယ်။ ခုတစ်လုံးတိုက်၊ ညအိပ်ရာဝင်ခါနီး တစ်လုံးတိုက်၊ နောက်နေ့မနက်မိုးလင်းမှ နာသေးရင် တိုက်၊ မနာရင် မတိုက်နဲ့ (ဒါက *ပွိုက်ဇင် သတိထား)" ဆရာဝန်က ကျွန်မတို့ကို မှာလိုက်၏။ ကျွန်မမှာ ဓာတ်မှန်ရိုက်ပြုပြီး အိမ်သို့ ဖေဖေ့ကို ခေါ်လာပါသည်။ ဖေဖေ့အနားတွင် ပြုစုရသူ ကလေးမလေးအား ဆေးများကို ဘယ်လိုတိုက်ရမည်များကို ညွှန်ကြားပြီး ကျွန်မအိပ်ခန်းရှိရာသို့ ဝင်လာခဲ့၏။

ညဥ့် ၉ နာရီထိုးပေပြီ။

"ဘဘကြီး ခုထိမအိပ်သေးဘူး"

ကလေးမလေးသည် အိပ်ခန်းထဲသို့ဝင်လာကာ ပြော၏။

"ဘာဖြစ်လို့လဲ၊ အနာသိပ်နာလို့လား"

"မဟုတ်ဘူး... မမလက်ထဲက ဆေးလုံး သူ့ကိုပေးထားရမတဲ့။

* ပွိုက်ဇင် = အဆိပ်ပါသောဆေးကို ဆိုလိုပါသည်။

mgyoe.com

mgyoe.com



ဆေးလုံးကိုမရရင် မအိပ်ဘူးတဲ့"

"တယ်လည်းခက်သကိုး" ကျွန်မမှာ သူ့အိပ်ခန်းသို့ ကူးသွား၍ ခြေဟန်လက်ဟန်နှင့် အိပ်ဖို့ချော့ရ၏။

"ဆရာဝန်က မနက် ၆ နာရီထိုးရင် နောက်ဆေးတစ်လုံး သောက်ရမယ်။ အခု ဘယ်လောက်သက်သာသွားလဲ။ အဲဒီဆေးလုံးကို သူတို့ ငါ့ကို ပေးမထားဘူး။ မနက် ၆ နာရီတိတိထိုးလို့ သူတို့ရောက်မလာရင် ဘယ့်နှယ်လုပ်မလဲ"

"စိတ်ချ၊ ၆ နာရီတိတိထိုးရင် ဖေဖေ့လက်ထဲ ဒီဆေးလုံး ရောက်ရစေ့မယ်၊ သမီးကတိပေးတယ်။ သမီးကိုယ်တိုင် ဒီဆေးလုံးကို သိမ်းထားမယ်။ ညဥ့်နက်ပြီ၊ စိတ်ချလက်ချ အိပ်ပေတော့" ကျွန်မက စာရေး၍ ပြရပြန်သည်။ စာဖတ်ပြီးလျှင် မျက်နှာက စိတ်တိုင်းမကျချင်။ မကျေမနပ်ဖြစ်ကြောင်းပြကာ အိပ်ရာသို့ ဝင်သွား၏။

ကျွန်မလည်း ထိုအခါမှ အိပ်ခန်းသို့ ပြန်လာရ၏။ ဆေးလုံးများကို သူ့လက်ထဲသို့ အပ်မထားရဲ။ ဆေးတစ်လုံးသောက်၍ အနာသက်သာပါအံ့၊ ကျန်ဆေးလုံးများကို တစ်ချီတည်းမော့လျှင် မော့ချတတ်ပါသည်။

ယခု နားမကြားသောရောဂါရသော အကြောင်းရင်းပင်လျှင် ကျွန်မ သိရသလောက် အစက်ချဆေးများ တစ်ခွက်ကို တစ်စက်သာ ချသောက်ရမည်ဆိုသည်ကို တစ်ချက်တည်းနှင့် အစက်ပေါင်းများစွာ သောက်ချလိုက်ရာ နောက်နေ့ မနက်မိုးလင်းသောအခါ လုံးဝနားမကြားတော့ဟု ဆိုပါသည်။

ဂျပန်ခေတ်တုန်းကလည်း နွေကြီးခေါင်ခေါင်တွင် ပွေးကိုင်းပါသော ဝမ်းနုတ်ဆေးကို တစ်လက်ခုပ် သောက်လိုက်ရာ ဝမ်းမရပ်တော့ဘဲ ဆရာဝန်ခေါ်ရသည့်အဖြစ်သို့ ကြုံခဲ့ရ၏။

mgyoe.com

mgyoe.com



ဤလိုအဖြစ်မျိုးက ဖေဖေနှင့်ပတ်သက်၍ ကျွန်မသက်တမ်းတွင် ခဏခဏကြုံခဲ့ရဖူးပြီ။ ထို့ကြောင့် ဆရာဝန် ညွှန်ကြားသလို တစ်လုံး တလေသောက်လျှင် အနာသက်သာသော်လည်း လွန်လျှင် ဒုက္ခရောက် တတ်သော အစွမ်းထက်သည့်ဆေးမျိုးကို ဖေဖေ့လက်သို့ ကျွန်မ ဘယ် လိုလုပ် အပ်ရဲပါမည်နည်း။

နံနက် ၆ နာရီ ဒင်ဒင်ထိုးသည့်တစ်ပြိုင်နက် ဆေးလုံးကိုယူကာ သူ့ကို ဆေးတိုက်ရ၏။ ဒီအချိန် ဒါကို လုပ်ရမည်ဆိုလျှင်လည်း နာရီကို အခန်းထဲယူသွားကာ ကြည့်နေသည်။ အချိန်စေ့၍ မလုပ်ဖြစ်လျှင် ခုနစ် သံနှင့်ကို အော်တော့သည်။

သူသည် မနက် ၆ နာရီမထိုးခင် ထမင်းကြမ်းကြော်တစ်ပန်းကန် နှင့် ငါးပိ၊ သို့မဟုတ် ငါးခြောက်ဖုတ်၊ သို့မဟုတ် အသားဟင်းအနည်း ငယ်ကို ထမင်းကြမ်းနှင့်အတူ စား၏။ စားပြီးလျှင် လက်ဖက်ရည်အချို ကျကျတစ်ခွက်သောက်သည်။ ၆ နာရီတိတိထိုးလျှင် ဘုရားဆောင်သို့ သွား၍ ဘုရားဝတ်ပြုသည်။ မနက်စာထမင်းကို မနက် ၁၁ နာရီတိတိ တွင် စား၏။ နေ့လယ် ၂ ချက်တီးလျှင် ရေချိုးပြီး ကော်ဖီချိုချိုတစ်ခွက် သောက်သည်။ ညစာထမင်းကို ညနေ ၅ နာရီတိတိစား၍ ည ၈ နာရီ တွင် မည်မျှအေးသောရာသီဥတုတွင်ဖြစ်ပေစေ ရေချိုးကာ ၈ နာရီခွဲတွင် အိုဗာတင်း၊ သို့မဟုတ် မိုင်လိုတစ်ခွက်သောက်၏။ ၉ နာရီတွင် အိပ်ရာ ဝင်တော့သည်။ ကျန်အားလပ်သော နေ့ခင်းအချိန်များတွင် အိမ်အလယ် ခန်းမထဲ၌ စာအုပ်မျိုးစုံကို ဖတ်၏။

ကျွန်မက အချိန်ကို အတိအကျရေးပြရခြင်းမှာ ဖော်ပြပါအချိန်များ တွင် ကလေးမလေး မအား၍သော်လည်းကောင်း၊ ကျွန်မတို့ အလုပ် ရှုပ်၍သော်လည်းကောင်း အချိန်လွန်သွားပါလျှင် "ထမင်းကြမ်း...ထမင်း ကြမ်း" ဟူ၍လည်းကောင်း၊ သို့မဟုတ် "ကော်ဖီဗျို့...ကော်ဖီ" ဟူ၍

mgyoe.com

mgyoe.com


လည်းကောင်း သူသောက်သည့် အမျိုးအစားအလိုက်ကို ထမင်းစားခန်းမှဖြစ်စေ၊ သူ့အခန်းထဲမှဖြစ်စေ ကုန်းအော်၍ တောင်းတော့သည်။ အကယ်၍ ဘုရားခန်းသို့ နံနက် ၆ နာရီတိတိတွင် ဆွမ်းပွဲမရောက်သေးပါလျှင် "ဆွမ်းတော်ဗျို့" ဟု အော်ဟစ်လိုက်သံမှာ ကြားနေကျ ကျွန်မတို့ပင် လန့်ဖျပ်သွားတော့သည်။ ယခုလည်း မနက် ၆ နာရီတိတိတွင် သူ ဆေးသောက်ရ၍ ကျေနပ်သွား၏။

ညနေစောင်းလျှင် ဓာတ်မှန်ကိုလည်း ယူရင်း ဒဏ်ရာကိုလည်း ပြရန် ဖေဖေ့ကို ဒေါက်တာကြီးပေါ်ရှိရာသို့ ခေါ်သွားရ၏။ ဒေါက်တာနှင့် တွေ့သည့်တစ်ပြိုင်နက်...

"သူတို့မကောင်းဘူး ဒေါက်တာ...၊ မနေ့က ကျုပ်အနာ ဒေါက်တာပေးတဲ့ဆေးသောက်တော့ သိပ်သက်သာတာပဲ။ ဒါကြောင့် ညက အားလုံး ကျုပ်က သောက်မလို့တောင်းတာ သူတို့ကမပေးဘူး။ ဒီမနက်မှ ကျုပ်ကို တစ်လုံးတိုက်တယ်"

သူက အရင်ဦးအောင် တိုင်ပါတော့သည်။ ဆရာဝန်က စိတ်ရှည်စွာပင် စာရေးပြ၏။

"အဲဒီဆေးက အချိန်နဲ့ သူ့အချိုးကျ သောက်ရတာ၊ တစ်ချိတည်း တစ်ပြိုင်နက် အားလုံးသောက်ချရင် သေရော"

ဆရာဝန်ရေးပြသောစာကို ဖတ်ပြီး "ဟား... ဟား" နှင့် ရယ်ကာ "မသိလို့ဗျို့... မသိလို့" ဟူ၍ ခုနစ်သံနှင့်ပင် အော်တော့သည်။

"ကဲ... အရိုးလည်း ဘာမှမဖြစ်ဘူး၊ စိတ်ချရပါပြီ။ ဓာတ်မှန်လည်း ယူသွား။ ဦးကြီး ဟိုအနာက ၁၀ နှစ်ပြည့်ပြီနော်။ ဘာမှပြန်မဖြစ်တာ။ သိပ်ကံကောင်းတာပဲ"

ဆရာဝန်က ကျွန်မကိုပြောပြ၏။ 'ယောကျာ်းအတိက' ကဗျာ ပေါ်ထွက်ရာ ရောဂါကို ဒေါက်တာကြီးပေါက သတိရဟန်တူပါသည်။

mgyoe.com

mgyoe.com


"ဟုတ်ကဲ့ ဘာမှ ဒုက္ခမပေးပါဘူး။ ကြည့်ပါလား စိုစိုပြည်ပြည် ဝဝကြီး။ ကျွန်မတို့ကို ပြောပြတော့ ဒီရောဂါကို ခွဲစိတ်ကုသပြီးကတည်းက ထမင်းစားရတာကို အားရတင်းတိမ်တယ်မရှိဘူး၊ သိပ်စားကောင်းတာပဲတဲ့"

"အေးကွဲ့... ကံပဲထင်ပါရဲ့။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ပိုက်မိ အဖေဆို ခွဲပြီး တစ်နှစ်အတွင်း ဆုံးရှာတယ်"

မှန်၏။ ဆရာမအဖေမှာ ကျွန်မတို့ဖေဖေလောက်တောင် ဒဏ်ရာမကြီးဟု ထင်ပါသည်။

ဆရာဝန်ကိုနှုတ်ဆက်၍ ကျွန်မတို့ ဖေဖေ့ကိုခေါ်ကာ ပြန်လာကြသည်။ ဆူးလေဘုရားလမ်းကို ရောက်သော် ဗလီနားက အရင်နေခဲ့သောတိုက်ကြီးကို မျှော်ကြည့်ရင်း ကျွန်မစိတ်ထဲတွင် ထိုတိုက်ကြီးတွင် နေခဲ့ရသော ဆယ်နှစ်ဆယ်မိုးကို သတိရ၏။

ထိုတိုက်ကြီးတွင် မေမေနှင့် မမတို့ အသက်ဆုံးရှုံးခဲ့သည်။

"မေမေဖြင့်လေ... ငါးမိနစ်လောက် သမီးတို့ဖေဖေ နားပြန်ကြားစေချင်ပါတယ်။ သူ့ကိုသိစေချင်တာကို မေမေ ငါးမိနစ်နဲ့ အကျဉ်းချုံးပြီး ပြောပြချင်လွန်းလို့"

မေမေ၏ဆုတောင်း မပြည့်ခဲ့ပါ။ သူ ပြောချင်သမျှကို မပြောရဘဲ ၅၃ နှစ်တွင် မေမေ ဆုံးခဲ့၏။ သူ ဘာတွေများ ပြောချင်ရှာပါလိမ့်။ မေမေ့အသက် ၁၉ နှစ်တွင် ဖေဖေ့ကို လက်ထပ်ကာ ကလေးခုနစ်ယောက်ရသည်အထိ သူ ပေါင်းသင်းခဲ့၍ ၅၃ နှစ်တွင် သူ သေဆုံးသွားသည်။ "သူ ဘာတွေများ ပြောချင်ပါလိမ့်" ကျွန်မသည် တနုံ့နုံ့တွေးလာမိ၏။ "ပြောချင်တာ မပြောလိုက်ရဘဲနဲ့များ သူ သေသွားရတယ်နော်" ကျွန်မသည် တစ်ယောက်တည်း စိတ်ထဲမှရေရွတ်ရင်း ထိုဝေဒနာကို စဉ်းစား၍ တုန်လှုပ်သွား၏။

mgyoe.com

mgyoe.com


လောကတွင် ပြောချင်တာ မပြောရဘဲ၊ လုပ်ချင်တာ မလုပ်ရဘဲ အသက်သေသွားကြရသူတို့ ရှိကြ၏။ ဤ 'ပြောချင်တာ'၊ 'လုပ်ချင်တာ' ဆိုသည်များကို မျိုသိပ်အောင့်အည်း နှလုံးသားအတွင်း ထားရခြင်းမှာ ကြာသော် ရောဂါဝေဒနာပဲ ဖြစ်တတ်လေသလား၊ ဒါကြောင့်များ မေမေ ဟာ ၅၃ နှစ်ဆိုတဲ့ သက်တမ်းငယ်ငယ်မှာ လောကကြီးကို စွန့်သွားရ လေသလား။ ကျွန်မကတော့ အတွေးသမားပီပီ တွေးလာ၏။

မေမေ့အဖြစ်များကို ကြားရသလောက် မေမေသည် အရွယ်ရောက် ကတည်းက ချမ်းသာသည်ဆိုပါသော်လည်း သူသည် 'လွှမ်းမိုးခြင်း' တစ်ခုကို ခံလာခဲ့ရသူဟု ဆိုသည်။ ထိုလွှမ်းမိုးသူ၊ စိုးမိုးသူတို့ အနိုင်ကျင့် သမျှ ပြုံးသောမျက်နှာပေးနှင့် ဣန္ဒြေရစွာ မျိုသိပ်၍ နေလာခဲ့သူဟု ဆို သည်။ ယခုထက်တိုင် ကျွန်မ မေမေ့ကို ချစ်သူ ဝါးခယ်မ အနောက်ပိုင်း မှ မိတ်ဆွေတစ်ယောက်က မေမေ့ကို ချီးကျူး၏။ မေမေ၏ မျိုသိပ်နိုင် ပုံ၊ သည်းခံစိတ်ရှိပုံကို ခဏခဏထုတ်ဖော်ပြောပြတတ်၏။ ကျွန်မတို့ကို ငယ်စဉ်က ထိန်းလာခဲ့သူ အမျိုးသမီးတစ်ယောက်ကလည်း မေမေ့အဖြစ် ကို ပြော၍ပြတတ်၏။

"ဒါကြောင့်လည်း လင့်ဘက်ကရော၊ ကိုယ့်ဘက်ကရော ဒါလောက် ကြီးမားတဲ့မိသားစုကြီးဟာ ဥမကွဲ သိုက်မပျက် ကလေးတို့ အရွယ်ရောက်တဲ့အထိ တစုတဝိုင်းတည်း ဒီအိမ်ကြီးမှာ နေနိုင်ကြတာ ပေါ့" ဟူ၍ ဝါးခယ်မအိမ်အိုကြီးအကြောင်း စလာလျှင် သူတို့က မေမေ့ ကို ချီးကျူး၍ ဇာတ်လိုက်မကြီးသဖွယ် ပြောပြ၏။ ကျွန်မကတော့ တစ်ဖက်က မိခင်ကို ချီးကျူး၍ သဘောကျသော်လည်း တစ်ဖက်ကမူ လူငယ်ပီပီ ခပ်မိုက်မိုက်ပင် တွေးမိသောအခါ "ငါ့အမေ ခံရလေခြင်း" ဆိုသည့် အာဃာတကြီးမှာ ပေါ်၍ပေါ်၍ လာတတ်သည်။ ယခု အသက် ကြီး၍ ကိုကိုကြီး (ဦးနု) က တရားပြကာ အာဃာတမထားဖို့၊ ခွင့်လွှတ်

mgyoe.com

mgyoe.com



ဖို့ ခဏခဏဆုံးမတော့မှ ကျွန်မရင်ထဲတွင် မိခင်အား စိတ်မချမ်းသာအောင် လုပ်သူတို့အား ခွင့်လွှတ်စိတ်ဖြင့် မေတ္တာပို့ပါ၏။

မေမေ့အကြောင်းကိုသာ စာတစ်အုပ်ရေးရပါလျှင်လည်း ကမ္ဘာကျော် အင်္ဂလိပ်ဝတ္ထုကြီးဖြစ်သည့် 'ဝိတ်သားရင်းဟိုက်' ခေါ် ဝတ္ထုကို မှီးသည်ဟု ဝေဖန်ရေးသမား မျဉ်းတံတို၊ ပေတံတို တစ်ညီလောက်ကို လက်ကိုင်ထားသူတို့က သူတို့အတိုင်းအထွာလေးနှင့် တိုင်းထွာကာ ဝေဖန်ကြဦးမည်ဖြစ်၏။ စင်စစ်တော့ ကျွန်မ မွေးဖွားခဲ့ရာ ဝါးခယ်မရှိ အိမ်အိုကြီးတွင် ကမ္ဘာကျော်ဝတ္ထုကြီး အမျိုးအစားတွင်ပါသည့် ဝိတ်သားရင်းဟိုက်ဝတ္ထု၊ ရေဘက်ကာဝတ္ထု၊ မားသားဝတ္ထု၊ ဂရိတ်အိစ်ပက်တေးရှင်း စသော ဝတ္ထုတွေထက် ဆန်းကြယ်သော၊ ဘဝသရုပ်ဖော်သော သင်ခန်းစာ ရနိုင်သော၊ အတွေးအခေါ်ရင့်ကျက်မှုကိုပြသော ဝတ္ထုဇာတ်လမ်းများ အများကြီးရှိသည်။ ဇာတ်ကောင်တို့၏ သရုပ်မှန် (ကာရိုက်တာ) ကိုသာ ကျွန်မ ကလောင်မနိုင်၍ မရေးပြတတ် ရှိရမည်။ ဇာတ်ကောင်အမျိုးမျိုးတို့ပေါ်ထွက်ရာ အိမ်ကြီးဖြစ်၏။ အကယ်၍သာ ဆရာမောင်ထင်လောက်၊ ဆရာတင့်တယ်တို့လောက်သာ ကျွန်မ ကလောင်ကို ကျွန်မ နိုင်ငြားပါအံ့၊ သက်တမ်းစေ့လို့သာ ကျွန်မ သေသော် သေတန်ရာ၏။ ကျွန်မအိမ်အိုကြီးရှိ ဝတ္ထုများကိုကား ရေး၍ပြီးဆုံးမည်မဟုတ်ပါပေ။ ထို့ကြောင့်ပင် ဝေဖန်ရေးသမားတို့က ကျွန်မဝတ္ထုများကို ဘယ်အနောက်နိုင်ငံက ဘာဝတ္ထုကိုမှီး၍ ရေးသည်ဆိုတိုင်း ကျွန်မ ကြိတ်၍ပြုံးမိပါသည်။ သူတို့အဆိုအရ ဇာတ်လမ်းဇာတ်ကွက်တွေမှာ အမေရိက၊ အင်္ဂလန်၊ ရုရှား၊ ပြင်သစ် စသော တိုင်းပြည်များတွင်သာ ဖြစ်ကြရမည် ဆိုသလို ဖြစ်နေတော့သည်။

အမှန်တော့ ကမ္ဘာကြီးတစ်ခုလုံးတွင် အမေရိကန်ဖြစ်ဖြစ်၊ အင်္ဂလိပ်ဖြစ်ဖြစ်၊ ရုရှားဖြစ်ဖြစ်၊ တရုတ်ဖြစ်ဖြစ်၊ မြန်မာဖြစ်ဖြစ် လူ့လောကကြီးထဲ

mgyoe.com

mgyoe.com



ရောက်လာပါလျှင် လူ့လောကသားတို့ တွေ့ရမြဲ ဒုက္ခကို အင်္ဂလိပ်မို့ ခံစားရသည်၊ ရုရှားမို့ ခံစားရသည်မဟုတ်။ ဘယ်သူဖြစ်ဖြစ် သည်ဒုက္ခ သည်လိုတွေ့ကြရသည်ချည်းပါတည်း။ ဇာတ်လမ်းတို့သည် အင်္ဂလိပ်မို့ ရှိသည်မဟုတ်၊ ကပ္ပလီမို့ မရှိဘူးမဟုတ်။ ၃၁ ဘုံထဲ ရောက်လာပါလျှင် သည်လို တွေ့ကြမြဲ၊ ဖြစ်ကြမြဲသာတည်း။

နတ်ပြည်မှာတောင် နတ်စာရေးဆရာရှိလျှင် အသူရာနှင့် သိကြားမင်းတို့ စစ်ပွဲကို ဝေဖန်ဟန်၊ ချီးကျူးဟန်၊ အားမာန်တက်ဟန်၊ ငြိမ်းချမ်းရေး ကြွေးကြော်သံဟန်တို့ဖြင့် ရေးလိုက်ကြမည်ဖြစ်ခြင်း။ ဗိန္ဓုနတ်မင်းကြီးသမီး ဝေဝစ္စရာကို ပဉ္စသိခနတ်သား ချစ်ရာမှ ပေါ်ပေါက်လာသော နတ်ကဗျာမှာလည်း တကယ်ဆိုတော့ နတ်စာပေတွင် မှတ်တမ်းသာတင်လျှင် တကယ့်အချစ်ဝတ္ထုကြီးမှ ပေါ်ပေါက်လာခြင်းဖြစ်၏။

ဝတ္ထုတို့သည် ဘယ်နေရာမှာမဆို ရှိနေ၏။ ပြည်တွင်းတွင်ပင် ပြည်ပထက်ကောင်းသော ဇာတ်လမ်းများကား ရေးလို့ပင် မကုန်နိုင်ပါဟု တင်ပြရခြင်း ဖြစ်ပါသည်။ တချို့များ သူတို့ဇာတ်လမ်းများထက်ပင် ဆန်းကြယ်သေး၏။

တစ်ခုတော့ရှိသည်။ အရေးအသား၊ ဇာတ်ကောင် ကာရိုက်တာကို ဖော်ထုတ်ရာ၌ သူတို့နိုင်ငံ စာရေးဆရာတွေလောက် မတော်ချင်သာ ရှိရမည်။ ရေးစရာများကတော့ တစ်ပုံကြီးပါပင်တည်း။

တစ်ခါတစ်ရံ ကျွန်မ ဝေဒနာကြောင့် ကျွန်မ အိပ်ရာပေါ်လဲနေသောအခါ၌ "ဒီအိမ်အိုကြီးမှာ ဝတ္ထုတွေအများကြီးပဲ၊ ရေးလို့မကုန်ခင် အချို့ သေမယ်ထင်ပါရဲ့" ဟူ၍ ညည်းမိ၏။

ကျွန်မချစ်သူတစ်ယောက်ဖြစ်သော ခင်ပွန်းသည်မှာ သူ့ရင်ဘတ်ကို ပုတ်ကာ "အမလေး မိရွှေချို...၊ ကိုယ့်တရားကိုယ်မှတ်ပြီး ဆင်ခြင်ပါ။ ဒီဝတ္ထုတွေ စွဲလမ်းပြီးသေမှဖြင့် နောင်ဘဝ တစ္ဆေဖြစ်မှာ သနားစရာ

mgyoe.com

mgyoe.com


ကောင်းလိုက်ပါဘိတော့" ဟူ၍ တဖျစ်တောက်တောက် ပြောတတ်ပါသည်။ ကျွန်မအဖို့တော့ ရေး၍မကုန်နိုင်လေတည့်မှ ရေး၍မကုန်ပါပင်တည်း။

တစ်ခါကလည်း စာပေဗိမာန်က ဝတ္ထုတစ်ပုဒ်ရေးခိုင်း၍ 'မဟာသာကီ' ကို ရေးပါသည်။ သက်ဆိုင်ရာက ဖတ်ရှုပြီး ထုတ်ဝေခြင်းမပြုရဲဆို၍ ပယ်ခဲ့ပါသည်။ ကျွန်မ၏ ထုတ်ဝေနေကျ ထုတ်ဝေသူက ထိုဝတ္ထုကို ထုတ်သောအခါ ကျွန်မဆွေမျိုးများထဲမှ တချို့က သူတို့ကိုစောင်းရေးပါသည်ဆို၍ ဆတ်ဆတ်လူးဖြစ်ကြသည်။ စာပေဗိမာန်ကမူမြန်မာပြည်နိုင်ငံရေးကို စောင်းရေးသည်ဟု အထင်ရှိ၍ မထုတ်ဝေရဲတဲ့။ ရယ်စရာမကောင်းပေဘူးလား။

အနောက်နိုင်ငံဖြစ်စေ၊ အရှေ့နိုင်ငံဖြစ်စေ စာရေးဆရာသည် သူတို့ဝတ္ထုများကိုရေးရာ၌ သူတို့ပတ်ဝန်းကျင်မွေးဖွားရာ အလေ့အထ၊ အသိုင်းအဝိုင်း၏ဗိဇဟန်ပန်မှာ ပါကြစမြဲ။ သူတို့ ကိုယ်ရေးကိုယ်တာ ရေးသည်ဆိုဦး၊ အများကို အကျိုးရှိဖွယ်လည်း ပါသည်၊ အနောက်နိုင်ငံ အဖြစ်များနှင့် ဆင်တာလေးတွေလည်း ပါသည်၊ မဆင်တာလေးတွေလည်း ပါသည်၊ နည်းနည်းဆင်တူချင် တူနေတတ်သည်၊ ချွတ်စွပ်လည်း တူတတ်သည်။ အနောက်နိုင်ငံမပြောနှင့်၊ လွန်ခဲ့သောနှစ်က 'လမင်းကြီးသာစမ်းပါ' ဝတ္ထုကို ကျွန်မရေးသည်။ ထုတ်ဝေသူတစ်ယောက်က "မခင်ယု နိုင်ငံခြားဝတ္ထု မှီးတာလား" ဟူ၍ အမေးခံရပြန်သည်။ မေးရုံတွင်မဟုတ်၊ "ခင်ဆွေဦးရဲ့ ပုလဲငုံဆိုတဲ့ ဝတ္ထုနဲ့တူနေလို့ ဝတ္ထုတစ်အုပ်တည်း နှစ်ယောက်မှီးရေးတာလား" ဟူ၍ ထပ်တွန့်မေးပြန်သည်။

"မှီးလည်းမမှီးဘူး၊ ခင်ဆွေဦးနဲ့ဆိုတာလည်း တစ်ခါမှ မတွေ့ဖြစ်ဘူး။ သူ့ခမျာလည်း သူ့စိတ်ကူးနဲ့သူ ရေးတာပဲ။ လမင်းကြီး သာစမ်းပါနဲ့ တူတဲ့ အင်္ဂလိပ်ဝတ္ထုလည်း ကျွန်မက မဖတ်ဖူးဘူး။ ဘာဝတ္ထုနဲ့

mgyoe.com